# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**



**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)



၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၃၁ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၁၈၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာ ဆရာမများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## အသိပညာ၊ အတတ်ပညာများ တိုးတက်ရေး၊ မျိုးဆက်သစ်များ၏ဘဝ မြင့်တင်နိုင်ရေးအတွက် သိစေချင်၊ တတ်စေချင်သည့် စေတနာအရင်းခံဖြင့် သင်ကြားရေးလုပ်ငန်းများကိုဆောင်ရွက်

**နေပြည်တော် မတ် ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြရာ လေဆိပ်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရိုးရာအကအလှများဖြင့် လိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာ ဆရာမ များအား သွားရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်၊


*စာမျက်နှာ ၃ ကော်လံ ၁* ❖



**ယနေ့ ဖတ် စ ရာ**

**ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ)** ဆောင်းပါး | စာ - ၁၀

**လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ** ပြည်တွင်းသတင်း | စာ - ၁၂

**၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ဆန်ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်** နိုင်ငံတကာသတင်း | စာ - ၁၄

# အဂတိကင်းရှင်းစွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်

တရားမဝင်ကုန်သွယ်မှုများက နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှုကြီးမားလှသည့်အတွက် ထိထိရောက်ရောက် တားဆီးတိုက်ဖျက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၁၂) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် "တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး" သည် အရေးပါသောကဏ္ဍမှ ပါဝင်နေသည်ဟု တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ပြောကြားခဲ့ရာ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက် အဟန့်အတားပြုနေသည့် တရားမဝင်ကုန်သွယ်မှုများကို မဖြစ်မနေ တားဆီးနှိမ်နင်း သွားကြရန်ပင်ဖြစ်သည်။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေးဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာအတွင်း ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၄၂၃၂ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၆၅ ဒသမ ၀၅၆ ဘီလီယံအထိ ဖမ်းဆီးနိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ် ကာလတူကထက် အဆများစွာ ပိုမိုဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုများကို စစ်ဆေး၊ တားဆီးရာတွင် ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြရခြင်းဖြစ်ရာ ဝန်ထမ်းများ၏ အဂတိကင်းရှင်းမှုမှာ လွန်စွာအရေးကြီးသည်။ တရားမဝင်ကုန်သွယ်မှုတွင် ဝန်ထမ်းများ ပါဝင်ပတ်သက်မှုမရှိစေရေးအတွက် သတိပေးနှိုးဆော်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရာတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃) တွင်လည်း "ယခင်က တရားမဝင်ကုန်စည်များကိုသာ အဓိကအရေးယူဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုပါ တရားမဝင်ကုန်စည်များ ဝင်ရောက်လာသည့် လမ်းကြောင်း၊ ဖြတ်သန်းလာသည့် စစ်ဆေးရေးဂိတ်များနှင့် ဖြတ်သန်းသယ်ဆောင်ပုံနည်းလမ်းများကိုပါ နောက်ကြောင်းပြန်စစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်ခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် တစ်နည်းနည်းဖြင့် ဖော်ထုတ်အရေးယူခံရမည်ကို အသိပေးလိုကြောင်း" ဦးဆောင်ကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

တရားမဝင် တင်သွင်း/တင်ပို့မှုများတွင် တားဆီး/ ဖမ်းဆီးပစ္စည်းများအပေါ် ရွေးယူဒဏ်ငွေတပ်ရိုက်ခြင်း သို့မဟုတ် လေလံတင်ရောင်းချခြင်းမှ ရရှိငွေ၏ ၃၀ ရာခိုင်နှုန်းကို ဖမ်းဆီးသူများအားလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို သတင်းပေးသူများအားလည်းကောင်း ဆုငွေများ ချီးမြှင့်လျက်ရှိသည်။ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ တရားမဝင် ကုန်ပစ္စည်းများ တားဆီး/ ဖမ်းဆီးမှုများအနက် ဆုငွေချီးမြှင့်ရန် အတည်ပြုပြီးသည့် အမှုတွဲ ၇၉၂ မှုမှ အမှုတွဲ ၆၄၆ မှုအတွက် ဖမ်းဆီးသူနှင့် စုံစမ်းထောက်လှမ်းသည့် အဖွဲ့အစည်းများအား ဆုငွေ ကျပ် ၁၂၀၀ ဒသမ ၈၇၃ သန်း၊ သတင်းပေးဆုငွေကျပ် ၆၆ ဒသမ ၀၂၇ သန်းတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် သတင်းပေးသူများအား ဆုငွေထုတ်ပေးချီးမြှင့်ခဲ့သည်။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် ဝန်ထမ်းများ၏ အဂတိကင်းရှင်းရေးသည် အရေးကြီးသည့်အားလျော်စွာ တားဆီး/ ဖမ်းဆီးရမိမှုတန်ဖိုးပမာဏအလိုက် ဆုငွေများစွာ ချီးမြှင့်ပေးလျက်ရှိသည်။ ဝန်ထမ်းများအနေဖြင့် မိမိတို့ထမ်းဆောင်ရမည့် တာဝန်ကို အဂတိကင်းရှင်းစွာဖြင့် ကျေကျေပွန်ပွန် ထမ်းဆောင်ခြင်းဖြင့် ဆုငွေများကိုပါ ဂုဏ်သိက္ခာရှိရှိ ရနေနိုင်ကြခြင်းပင်ဖြစ်ရာ နိုင်ငံတော်အတွက် အခွန်ဝင်ငွေ တိုးတက်ရရှိရေး၊ ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်လာရေး၊ တရားဝင်ကုန်သွယ်မှုများ တိုးတက်ထွန်းကားလာရေးတို့အတွက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရာတွင် စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

# မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့မှ နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယ ပြုခြင်း၊ ရှင်ပြုရဟန်းခံ အလှူမင်္ဂလာများကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသောမင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၄ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်–

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်–

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့်ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြား ထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့်အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများ ဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

## အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့၌ နဝမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၂၉ ဌာနတို့၌ တတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့ကို စာရင်းသွင်း ၄၉၄ ပါး/ဦး အနက် ၂၈၀ ဖြေဆိုကြသဖြင့် ၅၆ ဒသမ ၆၈ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့ကို စာရင်းသွင်း ၅၇၃၆၃ ပါး/ဦး အနက် ၄၅၇၄၂ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၇၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှသိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းစဉ်များ ကြည့်ရှုစစ်ဆေး

**ပျဉ်းမနား မတ် ၂၀**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား) ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ဇီဝဆိုင်ရာ အချက်အလက် (Biometric Data) ကောက်ယူခြင်း လုပ်ငန်းစဉ်များအား နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသည့် နိုင်ငံအတွင်း နေထိုင်သူ အသက် (၁၀)နှစ်နှင့်အထက် နိုင်ငံသားတို့၏ Biographic Data နှင့် Biometric Data များကောက်ယူ၍ Database တွင် သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်သတ်မှတ်၍ မှတ်ပုံတင် ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား)ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူသည့် လုပ်ငန်းစဉ်ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးကျော်သိန်းဆိုင်၊ ပျဉ်းမနားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေတက္ကသိုလ်၌ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ *ရှေ့ဖုံးမှ*

ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်က စစ်တွေတက္ကသိုလ်မှ ပညာရေးဆိုင်ရာ သင်ကြားပို့ချပေးလျက်ရှိသည့် အခြေအနေများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ပါရဂူဘွဲ့ သင်တန်းများ စတင်ဖွင့်လှစ်သွားမည့် အခြေအနေများ၊ တက္ကသိုလ်ဘာသာရပ်များအလိုက် ဆရာ ဆရာမများ ခန့်အပ်ထားရှိမှု အခြေအနေများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု အခြေအနေများ၊ စစ်တွေတက္ကသိုလ်မှ ဘွဲ့များချီးမြှင့်အပ်နှင်းခဲ့မှုအခြေအနေများ၊ စာသင်ဆောင်၊ စာသင်ခန်းအရေအတွက်နှင့် ကျောင်းသားများ ဝင်ဆံ့မှု၊ ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်များ တည်ဆောက်ထားရှိမှု၊ ဝင်ဆံ့မှုနှင့် လိုအပ်မှုအခြေအနေများ၊ တက္ကသိုလ်တွင် သင်ကြားရေးဆိုင်ရာ အဆောက်အဦများ တိုးချဲ့ဆောင်ရွက်ပေးရန်နှင့် အားကစားကွင်းများ အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်၌ စစ်တွေတက္ကသိုလ်တွင် ဆရာ ဆရာမများ ခန့်အပ်ထားနိုင်မှု၊ လိုအပ်သည့် စာအုပ်၊ စာစောင်များ ဖြည့်တင်းပေးနိုင်ခဲ့မှု၊ အင်တာနက်ရရှိရေးဆောင်ရွက်ပေးနိုင်မှု၊ အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့မှုနှင့် လိုအပ်သည့် စာသင်ဆောင်များ ဆက်လက်ဆောက်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## လူသားအရင်းအမြစ်များ များစွာလို

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“တက္ကသိုလ်” သို့မဟုတ် “တက္ကသီလာ” ဟူသည်မှာ အဆင့်မြင့် အတတ်ပညာ၊ အသိပညာ နည်းပညာရပ်များကို သင်ကြားလေ့ကျင့်ပေးပြီး ကိုယ်ကျင့်တရားကောင်းမွန်အောင် ပဲ့ကိုင်ပေးသည့် ဌာနပင်ဖြစ်**ကြောင်း၊ နိုင်ငံနှင့် ဒေသ၏စွမ်းအားကို မြှင့်တင်ပေးခြင်းဖြစ်ပြီး နိုင်ငံနှင့်ဒေသတိုးတက်ရေးအတွက် လိုအပ်သည့် အသိပညာနှင့် အတတ်ပညာများကို သင်ကြားပေးသည့် ဌာနပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခုကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာများ ပြည့်စုံသည့် လူသားအရင်းအမြစ်များ များစွာ လိုအပ်ကြောင်း၊ မိမိတို့၏ ဆရာ ဆရာမ များမှာ ယခင်ကိုလိုနီခေတ်တွင် မျက်နှာအငယ်ခံ၍ တက္ကသိုလ်ပညာများကို သင်ယူနိုင်ရန် ကြိုးစားခဲ့ကြကြောင်း၊ ထိုသို့ ကြိုးစားချိန်တွင် ကိုလိုနီအစိုးရအနေဖြင့် မြန်မာများ အသိပညာ မတိုးပွားစေရေးအတွက် ပညာရေးနှင့်ပတ်သက်၍ ဖိနှိပ်ခဲ့ကြသဖြင့် ပညာရေးသပိတ်များလည်း ပေါ်ပေါက်လာခဲ့ကြောင်း။

## အထိုက်အလျောက် တိုးတက်လာ

မိမိတို့တာဝန်ယူချိန်တွင် တက္ကသိုလ်ပညာသင်ကြားရေးတွင် အထောက်အကူပြုစေရန်အတွက် ပညာရေးဆိုင်ရာ ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်သကဲ့သို့ နေထိုင်မှုစရိတ်များလည်း ပေးအပ်ခဲ့ကြောင်း၊ ချီးမြှင့်ငွေများပေးအပ်ရာတွင် ပညာရပ်အလိုက် ပေးအပ်ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာလ နိုင်ငံ့စီးပွားရေး ကျဆင်းခဲ့သည့်ကြားမှ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ခဲ့ပြီး နိုင်ငံ့ဝင်ငွေများတိုးတက်အောင် ဆောင်ရွက်ခဲ့၍ ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ အထိုက်အလျောက် တိုးတက်လာပြီဖြစ်ကြောင်း။

**❒ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် လွန်စွာအရေးကြီးပြီး မိမိတို့နိုင်ငံအနေဖြင့် လွန်ခဲ့သည့်ကာလများကိုလေ့လာကြည့်ပါက အတန်းလိုက်တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခဲ့၊ ရခိုင်ပြည်နယ်တွင်လည်း တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခဲ့သည်ကို တွေ့ရှိရ၊ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းမှာ နိုင်ငံတော်အတွက် စိန်ခေါ်မှုဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်၊ ပညာရေးအားပေးမှု နည်းပါးခြင်းကြောင့် နိုင်ငံတော်ကို အဘက်ဘက်မှ ထိခိုက်စေနိုင်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရာခိုင်နှုန်းပြည့် မရရှိနိုင်၊ စစ်တွေတက္ကသိုလ်ရှိ ဆရာ ဆရာမများတွင် ဒေသခံများ ပါဝင်ခြင်းကြောင့် မိမိတို့ဒေသ တိုးတက်ရေးအတွက် မိမိတို့သင်ကြားပေးနေရသည့် ကျောင်းသား ကျောင်းသူများ ပညာတတ်များဖြစ်စေရေး စနစ်တကျ သင်ကြားလေ့ကျင့်ပေးရန်လို**

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် လွန်စွာအရေးကြီးပြီး မိမိတို့နိုင်ငံအနေဖြင့် လွန်ခဲ့သည့် ကာလများကို လေ့လာကြည့်ပါက အတန်းလိုက် တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းမှာ နိုင်ငံတော်အတွက် စိန်ခေါ်မှုဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ကြောင်း၊ *စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စစ်တွေမြို့ View Point ၌ ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်္ဂနက်ဆည်နှင့် ကန်တော်ကြီးသို့ မြေအောက်ရေအကူပိုက်လိုင်းမှ ရေသွယ်တန်းမှုကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ ကန်တော်ကြီးအတွင်း ရေပြန်လည်ဖြည့်တင်းပေးနိုင်ရေး စီမံဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကန်တော်ကြီး အတွင်းသို့ ရေများ ပြန်လည်ဖြည့်တင်းရေးဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့ရေပေးဝေရေး ကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့နေရာသို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်တို့က ကန်တော်ကြီး အတွင်းသို့ မြေအောက်ရေမှ ရေပြန်လည် ဖြည့်တင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စစ်တွေမြို့၏ ရေလိုအပ်ချက် အခြေအနေများကို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား တာဝန်ရှိသူတစ်ဦးက စစ်တွေမြို့၏ ရေလိုအပ်ချက် အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်းတင်ပြကြသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “ **ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်** ” ဆိုသည့်အတိုင်း ရေသည် လူတိုင်းအတွက် အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် ရေလုံလောက်စွာ ရရှိရန်လိုကြောင်း၊ စစ်တွေမြို့၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ စစ်တွေမြို့ရေပေးဝေရေးအတွက် အဓိကဖြစ်သည့် ကန်တော်ကြီးအတွင်း ရေပြန်လည် ဖြည့်တင်းပေးနိုင်ရေးအတွက် မြေအောက်ရေ ရရှိဆောင်ရွက်ရာတွင် ရေရရှိနိုင်သည့် နေရာများကို ထပ်မံသုတေသနပြု၍ တူးဖော်ဆောင်ရွက်ကြစေလိုကြောင်းမှာကြားပြီး အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

> ❖ **စစ်တွေမြို့ ရေပေးဝေရေးအတွက် အဓိကဖြစ်သည့် ကန်တော်ကြီးအတွင်း ရေပြန်လည်ဖြည့်တင်းပေးနိုင်ရေးအတွက် မြေအောက်ရေရရှိဆောင်ရွက်ရာတွင် ရေရရှိနိုင်သည့် နေရာများကို ထပ်မံသုတေသနပြု၍ တူးဖော်ဆောင်ရွက်ကြစေလိုကြောင်းမှာကြားပြီး အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး**

## ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်္ဂနက်ဆည်နှင့် ကန်တော်ကြီးသို့ မြေအောက်ရေအကူပိုက်လိုင်းမှ ရေသွယ်တန်းမှုကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးပြီး ရေရရှိမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကန်တော်ကြီးအတွင်း မြေသားစမ်းသပ်မှုလုပ်ငန်းများမှ ထွက်ရှိလာသည့် အပေါ်ယံမြေလွှာနှင့် ကျောက်စ ကျောက်နများ၊ သဲကျောက်လွှာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

## ပိုက်လိုင်းများဖြင့်ပို့လွှတ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စစ်တွေ မျိုးသန့်ခြံအတွင်း၌ စက်ရေတွင်းဖြင့် မြေအောက်ရေထုတ်ယူနေမှု နေရာသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်၊ ရေအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်တို့က စိုက်ပျိုးရေးမျိုးသန့်ခြံ ဧက ၄၀ အတွင်း ဘူမိရူပဆိုင်ရာ တိုင်းတာမှုများအရ စက်ရေတွင်းများ တူးဖော်ရန်လျာထားသည့်တည်နေရာများနှင့် တူးဖော်ပြီး၊ တူးဖော်ဆဲစက်ရေတွင်းများမှ ရေချိုထွက်ရှိမှုနှင့် အချို့နေရာများတွင် ရေငန်များ ရောနှောပါဝင်နေမှု၊ စက်ရေတွင်းများမှ ထွက်ရှိလာသည့် ရေများကို ရေစုကန်များဖြင့် စု၍ ကန်တော်ကြီးသို့ ပိုက်လိုင်းများဖြင့် ပို့လွှတ်ရန် ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

## မိုးရေကို စုဆောင်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြေအောက်ရေရရှိနိုင်မည့် ပမာဏကို စနစ်တကျဖြင့် တိုင်းတာတွက်ချက်ရန် လိုကြောင်း၊ မြေအောက်ရေတစ်ခုတည်းကိုသာ အားမကိုးဘဲမိုးများသည့် ဒေသဖြစ်သည့်အတွက် မိုးရေကို စုဆောင်းပြီး ရေချိုကို ပြန်လည်ဖြည့်တင်းရန် လိုကြောင်း မှာကြားသည်။

## လိုအပ်သည်များ လမ်းညွှန်မှာကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရေတွင်းများ တူးဖော်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စက်ရေတွင်းများ တူးဖော်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

**များစွာအထောက်အကူပြု**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖေဖော်ဝါရီ ၁၈ ရက် စစ်တွေခရီးစဉ်အတွင်း စစ်တွေမြို့ ရေရရှိရေး ကန်တော်ကြီးအတွင်း ရေပြန်လည် ဖြည့်တင်းနိုင်ရေးအတွက် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့မှုအရ ကန်တော်ကြီးအတွင်းသို့ မြေအောက်ရေဖြင့် ရေပြန်လည် ဖြည့်တင်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်ရေတွင်း တူးဖော်နိုင်သည့် နေရာများကို ဘူမိရူပဆိုင်ရာ တာတိုင်းတာမှုများပြုလုပ်၍ စက်ရေတွင်းများ တူးဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် သင်္ဂနက်ဆည်မှ ကန်တော်ကြီးအထိ (ဆည်ရေနှင့် တွင်းအမှတ်-၁)တို့မှ ရေပိုက်လိုင်းအရှည် ပေ ၄၄၀၀ အား သွယ်တန်းခဲ့ပြီး ကန်တော်ကြီးအတွင်းသို့ ယနေ့တွင်စတင်ဖြည့်တင်းနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ထပ်မံတူးဖော်ရရှိသည့် စက်ရေတွင်းများမှထွက်ရှိသည့် ရေများကို ကန်တော်ကြီး အတွင်းသို့ ထပ်မံဖြည့်တင်းနိုင်ရေး ရေပိုက်လိုင်းများနှင့် ရေတွန်းစက်များ ထပ်မံတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေမြို့ကို အဓိက ရေပေးဝေလျက်ရှိသည့် ကန်တော်ကြီး၏ ရေသိုလှောင်နိုင်မှုပမာဏမှာ ရေဂါလန် ၄၈၁ ဒသမ ၁၀ သန်းဖြစ်ပြီး ကန်တော်ငယ်(၁၊၂)၊ ကန်တော်လေးနှင့် တြိဂံကန် ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် ၆၂ ဒသမ ၃၇ သန်း၊ တိုးချဲ့ကန်ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် ၁၁၉ ဒသမ ၅၉ သန်း၊ ဆက်ရိုးကျကန် အမှတ်(၁)နှင့် (၂) တို့၏ ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် ၁၂၀ သန်း ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကန်တော်ကြီးအတွင်းသို့ မြေအောက်ရေများမှ ရေပြန်လည် ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စစ်တွေမြို့ ရေလုံလောက်စွာ ရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

ပညာရေးအားပေးမှုနည်းပါးခြင်းကြောင့် နိုင်ငံတော်ကို အဘက်ဘက်မှ ထိခိုက်စေနိုင်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရာခိုင်နှုန်းပြည့် မရရှိနိုင်ကြောင်း၊ စစ်တွေတက္ကသိုလ်ရှိ ဆရာ ဆရာမများတွင် ဒေသခံများ ပါဝင်ခြင်းကြောင့် မိမိတို့ဒေသတိုးတက်ရေးအတွက် မိမိတို့သင်ကြားပေးနေရသည့် ကျောင်းသား ကျောင်းသူများ ပညာတတ်များ ဖြစ်စေရေး စနစ်တကျ သင်ကြားလေ့ကျင့်ပေးရန် လိုကြောင်း။

**နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာအလေးထား**

အခြေခံပညာအဆင့်၌ သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် ပို့ချသင်ကြားခြင်း(Teaching) ကို အဓိကထားဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့် သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာသင်ကြားခြင်း (Studying) ကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများ အတွေးအခေါ် ကောင်းမွန်စေရေးနှင့် ပညာရပ်များကို မှန်ကန်စွာ တတ်မြောက်စေရေး စနစ်တကျ သင်ကြားပေးကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အတွေးအခေါ်များ ကောင်းမွန်လာမည်ဆိုပါက ၎င်းတို့၏ ဘဝကောင်းမွန်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်အတွေ့အကြုံသည်လည်း အရေးကြီးကြောင်း၊ နေရပ်ဒေသအသီးသီးမှ လာရောက်သင်ကြားသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်မှသင်ကြားပေးမည့် အသိပညာ၊ အတတ်ပညာများအပြင် လူမှုစီးပွားဘဝကို တိုးတက်ကောင်းမွန်စေမည့် နေထိုင်မှုပုံစံ၊ စားသောက်မှုပုံစံ၊ ဝတ်စားဆင်ယင်မှုပုံစံနှင့် တွေးခေါ်မြော်မြင်မှုပုံစံ စသည့် အတွေ့အကြုံများကို ကောင်းမွန်စွာရရှိစေလိုကြောင်း၊ ပညာသင်ကြားရာတွင် ဘာသာရပ်ဆိုင်ရာ ပညာရပ်များအလိုက် ပညာများသာမက လူမှုရေးအတွေ့အကြုံများကိုပါ ရရှိသွားစေလိုကြောင်း၊ တက္ကသိုလ်သည် ဘာသာရပ်ဆိုင်ရာများနှင့် အတွေ့အကြုံကောင်းများရရှိရေး သင်ကြားဆောင်ရွက်ပေးသည့်နေရာ ဖြစ်သဖြင့် ပညာသင်ကြားရေး ဆောင်ရွက်နေသူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာ အလေးထားစေလိုကြောင်း။

ကျောင်းသား ကျောင်းသူများအနက် ဘာသာရပ်များအလိုက် ထူးချွန်သူများအနေဖြင့် အဆင့်မြင့်သောပညာသင်ကြားမှုများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခြင်း ဖြစ်သော်လည်း ဒီမိုကရေစီ၏အခြေခံဖြစ်သည့် ဥပဒေအားလေးစားလိုက်နာခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးအသိအမြင်ရှိခြင်းတို့၌ အားနည်းချက်များရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဥပဒေဆိုင်ရာများနှင့် စီးပွားရေးဆိုင်ရာများကို သိရှိနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ဥပဒေပညာရပ်ကို နားလည်သိရှိစေရေး တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ကို သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များ ရှိစေရေးအတွက်လည်း စီးပွားရေးအခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်မှာ တက္ကသိုလ်ပညာ သင်ကြားပြီး ဘွဲ့ရရှိပြီးသူများအနေဖြင့် ၎င်းတို့၏လူမှုစီးပွားဘဝနှင့် ပတ်ဝန်းကျင်ကို ကောင်းမွန်အောင် ဆောင်ရွက်နိုင်သူများဖြစ်ရန်အတွက် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်စေရေးနှင့် ၎င်းတို့၏ဘဝတစ်လျှောက် ကောင်းမွန်မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

**အချိုးညီမျှအောင် ခန့်အပ်တာဝန်ပေး**

တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့တက္ကသိုလ်အပေါ် ဂုဏ်ယူနိုင်စေရန်အတွက် ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းပရဝဏ်အတွင်း သန့်ရှင်းသာယာလှပရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆရာ ဆရာမများ ခန့်အပ်တာဝန်ပေးရာတွင်လည်း သတ်မှတ်ဘာသာရပ်များအလိုက် ကျောင်းသားနှင့်ဆရာ အချိုးညီမျှအောင် ခန့်အပ်တာဝန်ပေးရန်လိုကြောင်း၊ စစ်တွေတက္ကသိုလ်အတွက် လိုအပ်သည့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စာသင်ဆောင်များ လိုအပ်မှုအတွက်လည်း ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လာမည့်ပညာသင်ကြားနှစ်များတွင် ထပ်မံတိုးတက်လာမည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ကြိုတင်တွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘောလုံးကွင်း အဆင့်မြှင့်တင်မှုနှင့်ပတ်သက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စစ်တွေတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးနှင့် အသိများ တိုးတက်စေရေး အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်နှင့် အဆောင်များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စစ်တွေမြို့ View Point သို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများ စိတ်လက်ချမ်းမြေ့စွာဖြင့် အပန်းဖြေ အနားယူနေမှုများကို ကြည့်ရှု၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး စစ်တွေမြို့ View Point သန့်ရှင်းသာယာလှပစေရေးအတွက် လိုအပ်သည်များအား တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

ရွှေဘို မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများက "မူးယစ်ဆေးရန် ဒို့တွန်းလှန် ကြိုးစားတိုက်ဖျက် နိုင်ငံ့အတွက်"၊ "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ လူမှုဘဝ"၊ "ငါတို့ရဲ့အနာဂတ် သာယာလှပဖို့ မူးယစ်ကင်းစင် ကမ္ဘာဖန်တီးစို့"၊ "မျိုးဆက်သစ်များ တိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်စို့"၊ "လုံခြုံစိတ်ချ ပြည်သူ့ဘဝ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ"၊ "လူသားချင်းစာနာကျန်းမာဖို့ စိန်ခေါ် မူးယစ်တိုက်ဖျက်စို့" စသည့် ခေါင်းစဉ်များဖြင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲဝင် နှစ်ဦး၊ ပန်းချီပြိုင်ပွဲဝင် ၂၈ ဦးနှင့် ကာတွန်းပြိုင်ပွဲဝင် ၁၇ ဦး၊ ပိုစတာပြိုင်ပွဲဝင် ငါးဦး စုစုပေါင်း ပြိုင်ပွဲဝင် ၅၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် မတ် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ ပြည်သူများ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ Brilliant Aura Co.,Ltd မှ ပရောဂျက်ဒါရိုက်တာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စနစ်တကျ စီမံဆောင်ရွက်**

ရှေးဦးစွာ နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုနှစ် နေပြည်တော်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်လျက်ရှိပြီး နေပြည်တော်ကောင်စီနှင့် ပူးပေါင်း၍ လမ်းလျှောက်သင်္ကြန်ကို ခမ်းခမ်းနားနား ထည့်သွင်းကျင်းပရန် စီစဉ်ထားပါကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့သော လမ်းလျှောက်သင်္ကြန်များကဲ့သို့ အဆင့်မီသော လမ်းလျှောက်သင်္ကြန်ဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ရှိ ပြည်သူများ ပျော်ရွှင်စေရန်ဖြစ်သလို ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများလည်း ပျော်ရွှင်စေရန် စနစ်တကျ စီမံဆောင်ရွက်ထားပါကြောင်း၊ လမ်းလျှောက်သင်္ကြန်တွင် သနပ်ခါးသင်္ကြန်၊ တိုင်းရင်းသားသင်္ကြန်၊ လူငယ် Game သင်္ကြန် စသည်ဖြင့် ကလေး၊ လူငယ်၊ လူကြီးများအားလုံး ပျော်ရွှင်စေမည့် ကဏ္ဍများစွာပါဝင်ပြီး မြန်မာ့ရိုးရာသင်္ကြန်ကို ခေတ်နှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဝန်ထမ်းများ၊ ပြည်သူများအားလုံး အချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ ပျော်ရွှင်မှုရရှိအောင် ကျင်းပသည့်ပွဲဖြစ်သဖြင့် ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆင်နွှဲနိုင်ရေး စီမံဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**ပေါင်းစပ်ဆောင်ရွက်သွားမည်**

ထို့နောက်နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က မဟာသင်္ကြန်ပွဲတော်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီမဏ္ဍပ်အပါအဝင် ယခုနှစ်တွင် ဝန်ထမ်းများ၊ ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် လမ်းလျှောက်သင်္ကြန်ကို ထပ်တိုးဆောင်ရွက်သွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီအနေဖြင့် ပေါင်းစပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က လမ်းလျှောက်သင်္ကြန်နှင့်ပတ်သက်၍ စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Brilliant Aura Co.,Ltd မှ ပရောဂျက်ဒါရိုက်တာက နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် လမ်းလျှောက်သင်္ကြန်အတွက် ပေါင်းစပ်ညှိနှိုင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က လမ်းလျှောက်သင်္ကြန်တွင် ဝန်ကြီးဌာနမဏ္ဍပ်များ နေရာချထားမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်၊ တက်ရောက်လာကြသူများနှင့် ဆပ်ကော်မတီများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ရေရရှိရေးနှင့် သန့်ရှင်းရေးကိစ္စရပ်များ၊ လျှပ်စစ်မီးရရှိရေးကိစ္စရပ်များ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် အားလုံးပါဝင်ပျော်ရွှင်စေရေးပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၅) ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၃၀**

အရှေ့တောင်အာရှ နိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI) ၏ (၅) ကြိမ်မြောက် အလုပ်အမှုဆောင် ကော်မတီ အစည်းအဝေး (5th Executive Committee Meeting) ကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အိမ်ရှင်အဖြစ် ဦးဆောင်၍ Virtual စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမမှ တက်ရောက်ကြပြီး ASEANSAI ဒုတိယဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံစာရင်းစစ်ချုပ် Mr. Gamaliel A. Cordoba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ ASEANSAI ၏ အတွင်းရေးမှူးချုပ် Mr. Bahtiar Arif ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ စာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ASEANSAI ဥက္ကဋ္ဌ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ASEANSAI ၏ (၇) ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်နေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖိလစ်ပိုင်နိုင်ငံ စာရင်းစစ်ချုပ်က ASEANSAI ၏ (၇) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ စာရင်းစစ်ချုပ်ရုံးမှ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်နေမှုကိုလည်းကောင်း၊ ASEANSAI အတွင်းရေးမှူးချုပ်က ASEANSAI ၏ ဘဏ္ဍာရေးရှင်းတမ်းဆိုင်ရာ ကိစ္စများ၊ အတွင်းရေးမှူးချုပ်၏ တာဝန်ထမ်းဆောင်သည့် ကာလ သက်တမ်းတိုးမည့် ကိစ္စရပ်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအသစ်ဖြစ်လာမည့် တီမောလက်စ်တီနိုင်ငံဆိုင်ရာ အကြောင်းအရာ အကျဉ်းချုပ်ကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က ရှေ့ကာလတွင် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧယျာသီရိ၌ နွေနှမ်းစိုက်ပျိုးမည့် တောင်သူများအား နှမ်းဘောင်ကြီးတင်စိုက်ပျိုးနည်းစနစ် လက်တွေ့သရုပ်ပြ

**ဧယျာသီရိ မတ် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နွေနှမ်းစိုက်ပျိုးမည့် တောင်သူများအား ဘောင်ကြီးတင်စနစ် စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများအား နည်းပညာပေး ရှင်းလင်းပြောကြားခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဧယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာရှိ ကွင်းအမှတ် ၁၆၁၉ ကွင်း၌ ပြုလုပ်သည်။

အသိပညာပေးရှင်းလင်းရာတွင် နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်၊ ခရိုင်မန်နေဂျာများ၊ ဧယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ ဧယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ပြီး နှမ်းဘောင်ကြီးတင် စိုက်ပျိုးနည်းစနစ်အား ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် မန်ကျည်းတောကျေးရွာမှ လက်တွေ့စိုက်ပျိုးနေသည့် တောင်သူ ဦးထိန်လင်းနှင့် ဦးဇော်ဦးတို့မှ တောင်သူအချင်းချင်း နည်းပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နွေနှမ်းစိုက်ပျိုးရာတွင် ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် တောင်သူများ မျိုးစေ့ကုန်ကျမှု သက်သာခြင်း၊ ရေသွင်းစိုက်ပျိုးသည့် နည်းစနစ်ဖြစ်သည့်အတွက် ရေအလေအလွင့်နည်းပါးခြင်း၊ ရာသီဥတုဒဏ်ခံနိုင်၍ အထွက်နှုန်းတိုးခြင်း၊ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိစေကြောင်း သိရသည်။

**ထွန်းလင်း(ဧယျာမြေ)**



❖ *ကျောဖုံးမှ*

ဝင်ရောက်ယှဉ်ပြိုင်ရန်မရှိဘဲ ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် MNL-2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ နည်းပြချုပ်သစ် ဦးအောင်နိုင်သည် မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းကို အောင်မြင်မှုများစွာ ရယူပေးခဲ့သည့် နည်းပြတစ်ဦးဖြစ်သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်ခိုင်၊ ဦးခင်မောင်ထွေး၊ ဂိုးနည်းပြအဖြစ် ဦးဇော်လင်းအောင်တို့က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

**ရဲရင့်လွင်**

# လေအားနှင့် အသေးစားရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၂၀

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Rusatom International Network, ROSATOM တို့အကြား ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ယနေ့ တွေ့ဆုံဆွေးနွေးခြင်းသည် လေအားနှင့် အသေးစား ရေအားလျှပ်စစ်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါ ကြောင်း၊ ရုရှား – မြန်မာ နှစ်နိုင်ငံ ပေါင်းစပ်ညှိနှိုင်း ရေးအဖွဲ့ (Coordinating Group) အနေဖြင့်လည်း အကြိမ်ကြိမ်ဆွေးနွေးခဲ့ပါကြောင်း၊ မိမိနှင့် ဝန်ကြီး ဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့နှင့် ဆိုချီမြို့တို့သို့ သုတေသနလေ့လာ ရေးခရီး သွားရောက်ခဲ့ရာ ခရီးစဉ်အတွင်း Barsuch-kovskaya (ဘာဆပ်ကော့ဗ် ဆကာရ) အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် Kochu-beevskaya (ကိုချူဘိဗ်ဆ ကာရ) လေအားလျှပ်စစ် စက်ရုံများသို့ သွားရောက်၍ ရေအားနှင့် လေအား လျှပ်စစ်ဆိုင်ရာ တည်ဆောက်ထားရှိမှုများ၊ ဓာတ်အား စနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများအား လေ့လာ သိရှိခဲ့ရပါကြောင်း။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက ရန်ကုန်မြို့သို့ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၊ Rosatom မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရေအားလျှပ်စစ် ကဏ္ဍ၌ အသေးစားစီမံကိန်းများတွင်သာမက အကြီးစားရေအားလျှပ်စစ် စီမံကိန်းများကိုလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြောင်းနှင့် လေအား လျှပ်စစ်ကဏ္ဍတွင် နိုင်ငံတစ်ဝန်းဖုန် ခြောက်ခုတို့၌ စုစုပေါင်း တပ်ဆင်အင်အား မဂ္ဂါဝပ် ၈၀၀၀ ကျော် အထိ တင်ဒါခေါ်ယူသွားမည့် အစီအစဉ်များအပေါ် ရင်းနှီးမြှုပ်နှံမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင် ကြောင်းကို ပြောကြားခဲ့ပြီးဖြစ်သဖြင့် အဆိုပါ စီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ပုပ္ပား ဒေသ ၂၀၀ မဂ္ဂါဝပ်၊ မင်းလှဒေသ ၁၁၆ မဂ္ဂါဝပ်နှင့် မင်းတုန်းဒေသ ၅၆ မဂ္ဂါဝပ်တို့အတွက် Project Proposal များကို လာရောက်တင်ပြသည်ဟု သိရှိရ၍ မိမိတို့မှ ကြိုဆိုပါကြောင်းနှင့် တင်ပြချက်များအား စိစစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ Feasibility Study ဆောင်ရွက်ခွင့်နှင့် နားလည်မှု စာချွန်လွှာ (MOU) ရေးထိုးနိုင်ရန် ဆက်လက်တင်ပြ သွားမည်ဖြစ်ပါကြောင်း။

ယခုဆောင်ရွက်မည့် လေအားလျှပ်စစ်စီမံကိန်း များကိုလည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း အပြင် ပြည်သူများ ဝင်ရောက်လေ့လာနိုင်ရန် လုပ်ငန်း ကိုလည်း ပူးတွဲဆောင်ရွက်နိုင်ပါကြောင်း၊ ပူတာအို ဒေသတွင် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ ကို ဆောင်ရွက်နိုင်ပါကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် ROSATOM မှ မိမိတို့ဝန်ကြီးဌာနနှင့်ဖြစ်စေ၊ မြန်မာ နိုင်ငံမှ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်၍ မြန်မာနိုင်ငံ ပြည်သူများ အတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို လျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်ရေး ဆက်လက်၍ လည်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြား သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom International Network, ROSATOM မှ President, မစ္စတာ ဗာဒင်တီတောက အပူစွမ်းအင်သုံးစီမံကိန်းများနှင့် ပတ်သက်၍ လာမည့်ဇွန်လတွင် ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ပြန်လည်၍ ဖြေကြားသွားမည် ဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်သော ၂၀ မဂ္ဂါဝပ် ထွက်ရှိနိုင်သည်များကိုလည်း ပြန်လည်သုံးသပ်၍ ဧပြီလအတွင်း ပြန်လည်တင်ပြ သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသေးစား ရေအားလျှပ်စစ်များ ထုတ်လုပ်နိုင်ရန် ၁ မဂ္ဂါဝပ် အောက် ထုတ်လုပ်နိုင်သော စက်ပစ္စည်းများလည်း အသင့်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စား လှယ်အဖွဲ့တို့သည် လေအားနှင့် အသေးစားရေအား လျှပ်စစ်စီမံကိန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား အသေးစိတ် ဆွေးနွေးပြောကြား ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၀**

(၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံဖွင့်ပွဲ အခမ်း အနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ်၌ ကျင်းပသည်။




အခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယ ဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ နီးနွယ် ဝန်ကြီးဌာနများမှ ညွှန်ကြားရေး မှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်၊ အချိန်ပြည့်/အချိန်ပိုင်း အလုပ် အမှုဆောင်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများ၊ ကြက်ခြေနီ ကောင်စီဝင်များ၊ ပြည်နယ်/ တိုင်းဒေသကြီးများမှ ကြက်ခြေနီ တပ်ဖွဲ့မှူးများ၊ ညီလာခံကိုယ်စား လှယ်များ၊ လူငယ်ကိုယ်စားလှယ် များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်း များ၊ ဖက်ဒရေးရှင်းနှင့် မိတ်ဖက် အမျိုးသားကြက်ခြေနီအသင်းများ မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထား သူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး က ယနေ့စတင်ကျင်းပသည့် (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံတွင် မြန်မာ နိုင်ငံ ကြက်ခြေနီကောင်စီဝင်များ နှင့် အလုပ်အမှုဆောင်အဖွဲ့အသစ် တို့ကို ရွေးချယ်တင်မြှောက် ဖွဲ့စည်းကြမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကြီးသည် သမိုင်းကြောင်းအစဉ် အလာကြီးမြင့်ပြီး နိုင်ငံတော်၏ အရေးကြီးသော ပုံရိပ်တစ်ခုဖြစ် ကြောင်း၊ သဘာဝဘေးအန္တရာယ် များ၊ ဘေးဒုက္ခအန္တရာယ်အမျိုးမျိုး နှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ တိုင်း နိုင်ငံတော်၏ အရန်အင်အား အဖြစ် လူမျိုး၊ ဘာသာ၊ ဆင်းရဲ ချမ်းသာ အဆင့်အတန်းမခွဲခြားဘဲ မိဘပြည်သူ တစ်ရပ်လုံးကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကယ်တင်ကူညီ စောင့်ရှောက်ခဲ့ သည့် အသင်းကြီးဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် ညီလာခံ ကြီးတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကြက်ခြေနီ အဖွဲ့ဝင်များမှ ရွေးချယ်တင် မြှောက်ပေးခဲ့သော ကြက်ခြေနီ ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်တော် ကြီးများ၊ ဆက်စပ်သည့်ဝန်ကြီး ဌာနများမှ ကိုယ်စားလှယ်တော် ကြီးများ၊ လူမှုအဖွဲ့အစည်းများ မှ ရွေးချယ်တင်မြှောက် သည့် ကိုယ်စားလှယ်တော်ကြီး များ၊ အစိုးရအဖွဲ့မှ အဆိုပြုသော ပုဂ္ဂိုလ်များအားလုံးပါဝင်၍ မြန်မာ နိုင်ငံ ကြက်ခြေနီဗဟိုကောင်စီ အသစ်ကို ပြန်လည်ဖွဲ့စည်း ဆောင်ရွက်မည်ကို သိရှိရကြောင်း။

အလုပ် အမှုဆောင်များကို ရွေးချယ်ရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုး စီးပွားကို ဦးထိပ်ထား၍ တာဝန် သိသိ၊ သစ္စာရှိရှိဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ဆက်သွယ်ပြောဆို ပူးပေါင်း ဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသူများ၊ လုပ်ငန်း အတွေ့အကြုံ ရင့်ကျက်သည့် ပုဂ္ဂိုလ်များ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး ကို မျက်ခြည်မပြတ် ထိထိမိမိ အကျိုးရှိစွာ ဆောင်ရွက်နိုင်သူများ၊ ခေါင်းဆောင်မှု အရည်အချင်း ပြည့်ဝသူများ၊ ကြက်ခြေနီလူမှု ဂရုဏာလုပ်ငန်း အတွေ့အကြုံ ရှိသူများ၊ အများက ယုံကြည် လေးစားရသူများ၊ အသင်းဖွံ့ဖြိုးရေး အတွက် အချိန်ပေးပြီး ဆောင်ရွက် နိုင်သူများဖြစ်ရန် အရေးကြီးသည့် အတွက် စနစ်တကျ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ရွေးချယ် ခန့်အပ်တာဝန်ပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်က (၁၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံ သက်တမ်း ကာလအတွင်း အသင်း၏ လူမှုဂရုဏာ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို အကျဉ်း ချုပ် ရှင်းလင်းတင်ပြသည်။ ထို့နောက် မှတ်တမ်းဗီဒီယိုကို ပြသပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညီလာခံဒုတိယပိုင်းကို နံနက် ၁၁ နာရီခွဲတွင် ဆက်လက်ကျင်းပ ရာ ညီလာခံသဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်က ဆောင်ရွက်ပြီး (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံတွင် (၂၀၂၃-၂၀၂၆) ခုနှစ် ကာလအတွက် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ကိုယ်စားလှယ် ၆၇ ဦးတို့ကို ကြက်ခြေနီ ကောင်စီဝင်များ အဖြစ် အတည်ပြု၍ ယင်းတို့ အနက်မှ ဒေါက်တာမျိုးညွန့် (ဥက္ကဋ္ဌ၊ အချိန်ပြည့်အလုပ်အမှု ဆောင်)၊ ဒေါက်တာတင်တင်လေး (ဒုတိယဥက္ကဋ္ဌ၊ အချိန်ပြည့် အလုပ်အမှုဆောင်)တို့ ပါဝင်သည့် အလုပ်အမှုဆောင် ၁၁ ဦးကို ရွေးချယ်တင်မြှောက်ရေး ညွှန်ကြား ချက်များနှင့်အညီ ရွေးချယ်ကာ ရွေးချယ်ခံရသည့် အလုပ်အမှု ဆောင်အဖွဲ့သစ်သည် ညီလာခံ ယာယီသဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခဲ့ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံကို မတ် ၂၁ ရက်အထိ နှစ်ရက်တာ ပြုလုပ် မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

သို့မဟုတ် ရှုံးထွက်ပြိုင်ပွဲ ချန်ပီယံအသင်းမှာ ခြေစစ်ပွဲ Play-off အဆင့်မှ ကစားရမည်ဖြစ်ရာ ၂၀၂၂ ရာသီတွင် ရှုံးထွက်ပြိုင်ပွဲ ကျင်းပနိုင်ခြင်းမရှိ သဖြင့် MNL အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အုပ်စု အဆင့်၊ ဒုတိယဆုရ ရန်ကုန်အသင်းက ခြေစစ်ပွဲ Play-off အဆင့်မှ ကစားရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် လာမည့်ရာသီမှ စတင်ကာ အာရှကလပ်ပြိုင်ပွဲကျင်းပသည့်ကာလကို အပြောင်းအလဲ ပြုလုပ်ထားပြီး AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲကို ဩဂုတ်လ၊ အုပ်စုပွဲစဉ်များကို စက်တင်ဘာမှ ဒီဇင်ဘာအထိ ပြုလုပ်မည်ဖြစ်ကာ ကျန်အဆင့်ပွဲစဉ်များ ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီမှ မေလအတွင်း ကျင်းပမည်ဖြစ်သည်။

လာမည့်ရာသီ ယှဉ်ပြိုင်ခွင့်ရသည့်အသင်းများအနက် ရှမ်းယူနိုက် တက်အသင်းက လေးကြိမ်၊ ရန်ကုန်အသင်းက ရှစ်ကြိမ်မြောက် ယှဉ်ပြိုင် ခွင့်ရခြင်းဖြစ်ပြီး မြန်မာကလပ်များသည် ၂၀၂၁ နှင့် ၂၀၂၂ ရာသီတို့တွင် ယှဉ်ပြိုင်ခြင်းမရှိဘဲ ၂၀၂၃-၂၀၂၄ ရာသီမှ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျေအမ်ပရီယန်သာ ဘန်ဒါရာကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ ကုလသမဂ္ဂနှင့် ဘင်းမ်စတက်အဖွဲ့အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အသစ်ခန့်အပ်ခဲ့သောဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မတ် ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အသစ်ခန့်အပ်ခဲ့သည့် ဒုတိယဦးစီးမှူးနှင့် စာရင်းကိုင်(၂)ဝန်ထမ်းများကို အဆိုပါဦးစီးဌာန၌ တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် အခြေခံဖြစ်သည့် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းတာဝန်များ ကျေပွန်အောင် ဆောင်ရွက်တတ်စေရေး ကြိုးပမ်းဆောင်ရွက်ရမည့်အပြင် တစ်ဦးချင်းတစ်ယောက်ချင်း၏ စွမ်းဆောင်ရည်နှင့် ပညာရပ်ဆိုင်ရာ ဗဟုသုတ အသိပညာတိုးမြှင့်စေရေး အစဉ်မပြတ်လေ့လာဆည်းပူးနေရန် လိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၁၂ ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် သဘာဝပတ်ဝန်းကျင်၊ သယံဇာတအရင်းအမြစ်၊ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ အနာဂတ်မျှော်မှန်းချက်သည် နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သည့် သစ်တောသယံဇာတ၊ သတ္တုသယံဇာတ၊ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို လက်ရှိနှင့် အနာဂတ်နိုင်ငံတော်၊ နိုင်ငံသားများအားလုံးအတွက် အကျိုးရှိဆုံးဖြစ်အောင် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း။



ထိုအနာဂတ် မျှော်မှန်းချက်ရရှိရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ရည်ရွယ်ချက် (၃)ရပ်ဖြစ်သည့် နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေရှည်တည်တံ့သောနည်းလမ်းဖြင့် နိုင်ငံတော်၏သဘာဝသယံဇာတ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ထိခိုက်ပျက်စီးမှုများ တတ်နိုင်သမျှလျော့နည်းသက်သာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဟန်ချက်ညီညီ သဟဇာတရှိရှိဖြစ်စေရန်တို့ကို ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ တာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာ၍ စည်းကမ်းပြည့်ဝသည့် ဝန်ထမ်းကောင်းပီသစွာ ကျင့်ကြံနေထိုင်ကြရန်နှင့် အဂတိတရား ကင်းရှင်းစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် ပြောကြားသည်။ (ဝဲပုံ)

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ အသစ်ခန့်အပ်ခဲ့သည့် ဒုတိယဦးစီးမှူးနှင့် စာရင်းကိုင်(၂) အမှုထမ်း ၁၂၉ ဦးတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom International Network မှ President ,Mr. Vadim Titov ကို လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၃၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom International Network မှ President , Mr. Vadim Titov ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ခိုင်မြဲရေးကိစ္စ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နျူကလီးယား နည်းပညာအား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နျူကလီးယားနည်းပညာကို ပြည်သူလူထုထံမှ အပြုသဘောဆောင်သော သဘောထားအမြင်များရရှိနိုင်ရေးအတွက် နျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာတွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations နှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ROSATOM မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စဉ့်အိုးဖိုကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ)ကျေးရွာစီမံကိန်းအတိုးရငွေမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆွမ်းလောင်းရုံဖွင့်ပွဲကျင်းပ

**မော်လမြိုင် မတ် ၃၀**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စဉ့်အိုးဖိုကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ)ကျေးရွာစီမံကိန်း၏ သတ္တမအကြိမ် အတိုးရငွေမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆွမ်းလောင်းဓမ္မာရုံ ဆောက်လုပ်ပြီးစီးမှုအပေါ် ဖွင့်ပွဲကို မတ် ၂၈ ရက်က ကျင်းပသည်။

အဆိုပါ စဉ့်အိုးဖိုကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းအား ၂၀၁၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး အတိုးရငွေကျပ် ၁၈၅ ဒသမ ၅ သိန်းအပေါ် ပျက်စီးနေသော ဆွမ်းလောင်းရုံ (၁၄' x ၁၆' x ၁၄') အား ၅၀ ရာခိုင်နှုန်း အတိုးရငွေကျပ် ၅၅ သိန်းဖြင့် ပြန်လည်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

အခမ်းအနားသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်၊ ဒုတိယဦးစီးမှူး ဒေါ်စုစုကြည်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်စိုးထွန်း၊ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမင်းဦးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး ဆွမ်းလောင်းရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ် အိုးပြင်မဲ - အိုင်းမ ကျေးရွာချင်းဆက် မန်းချောင်းရေနိမ့်တံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၃၀**
(၇၈) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် အိုးပြင်မဲ – အိုင်းမ ကျေးရွာချင်းဆက်သွယ်သောလမ်းပေါ်ရှိ မန်းချောင်းရေနိမ့်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့က မန်းချောင်းရေနိမ့်တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ယာပုံ)** တက်ရောက်လာကြသော ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့်ကျေးလက် အချိုးညီညီဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်ထွက်ကုန်များနှင့် အခြားကုန်စည်များကို ဈေးကွက်သို့ တစ်နှစ်ပတ်လုံး သယ်ပို့ရောင်းချနိုင်ရန်အတွက် ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့်လမ်းများ လိုအပ်ကြောင်း၊ ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများကို ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ စဉ်ဆက်မပြတ် ကျေးလက်လမ်းကွန်ရက်များ ဖွံ့ဖြိုးစေရေးအတွက် သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မန်းချောင်းရေနိမ့်တံတား တည်ဆောက်ပေးနိုင်မှုကြောင့် မင်းဘူး (စကု) မြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာ ၁၄ ရွာမှ အိမ်ခြေ ၂၅၇၅ လူဦးရေ ၁၁၁၀၃ ဦးတို့ကို တိုက်ရိုက်အကျိုးခံစားမှုရှိသည့်အပြင် ကျေးရွာများ၏ စိုက်ဧက ၂၀၆၅၉ ကေခန့်ကိုပါ အကျိုးပြုနိုင်မည်ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်းနှင့် တံတားရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်သည့် မန်းချောင်းတံတားသည် စကုမြို့မှ ပုသိမ်–မုံရွာလမ်းကို ဆက်သွယ်သည့် လမ်းပေါ်၌တည်ရှိပြီး တံတားအနီးဝန်းကျင်နှင့် စကု–ပုသိမ်–မုံရွာလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ထွက်ရှိသည့် ပဲ၊ နှမ်း၊ နေကြာ၊ စပါးနှင့် ဂျုံ စသည့် သီးနှံများကို မြို့ပေါ်ဈေးကွက်များသို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး တံတားဖွင့်ပွဲအထိမ်းအမှတ်များကို ပေးအပ်သည်။

မန်းချောင်းရေနိမ့်တံတားသည် တံတားအရှည်ပေ ဖ၀၀ နှင့် တံတားယာဉ်သွားလမ်း အကျယ် ၁၄ ပေရှိပြီး တံတားချဉ်းကပ်လမ်း နှစ်ဖာလုံ၊ သံကူကွန်ကရစ် ဘိုးပိုင်တံတားတိုင်များ၊ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားသည့် Submersible Bridge တံတားအမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း အလေးချိန်တန် ၂၀ အထိ ဖြတ်သန်းအသုံးပြုသွားလာနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ပွင့်ဖြူမြို့နယ် ဖူးပွင့်စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ ယာယီရုံးလင်းဆောင်၌ သမဝါယမအသင်းသားများ၊ တောင်သူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် သမဝါယမအသင်းထူထောင်ပြီး အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်သွားရန်နှင့် အသေးစား၊ အငယ်စား ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်နိုင်ရေး၊ လိုအပ်သော နည်းပညာသင်တန်းများ ကျေးရွာအရောက် ဆောင်ရွက်ပေးပြီး အရင်းအနှီး မတည်ငွေထူထောင်ပေးမည့် အစီအစဉ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများအား လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေကိုလည်းကောင်း ဆွေးနွေးပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အသင်းသားတောင်သူများထံသွင်းအားစုများ ထောက်ပံ့ပေးအပ်ပြီး စပါးမျိုးစေ့ထုတ်လုပ်နေမှုနှင့် စပါးအခြောက်ခံစက် လည်ပတ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပွင့်ဖြူမြို့နယ် စံပြကျေးရွာ ယာယီရုံးလင်းဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် တက်ရောက်

**နေပြည်တော် မတ် ၃၀**
အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မတ် ၂၉ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ Hybrid format ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာ တင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက video conferencing System အသုံးပြုတက်ရောက်ခဲ့ကြပြီး ဖိုရမ်အဖွဲ့ဝင်များဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**




အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင်အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂–၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ်တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ SEANF Annual Plan 2023 အတည်ပြုခြင်း၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) နှင့် SEANF တို့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ASEAN Environmental Rights Framework ရေးဆွဲနိုင်ရေးကိစ္စ၊ Safety of Journalists နှင့် စပ်လျဉ်း၍ Action Plan ရေးဆွဲနိုင်ရေးကိစ္စ၊ သက်ကြီးရွယ်အိုများ အခွင့်အရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာသဘောတူစာချုပ်ဖြစ်ပေါ်လာရေးအတွက် Campaign ပြုလုပ်နိုင်ရေးကိစ္စ၊ SEANF ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် SEANF ၏ အကြိမ် (၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စ၊ SEANF နှင့် FORUM–ASIA/ ANNI တို့ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ Sabah ရှိ နိုင်ငံမဲ့ဖြစ်နေသူများ အရေးကိစ္စနှင့်စပ်လျဉ်း၍ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် SEANF နှင့် OHCHR တို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

လုပ်ငန်းအဖွဲ့အစည်းအဝေး၌ ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုကို ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကို ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က ဆွေးနွေးသည်။ ထို့နောက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော SEANF ၏ မဟာဗျူဟာစီမံကိန်း(၂၀၂၂–၂၀၂၆)ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် “စီးပွားရေး လုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်” ကိစ္စရပ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးသည်။

ဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇူလိုင်လတွင်လည်းကောင်း၊ အကြိမ် (၂၀) မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင်လည်းကောင်း ကျင်းပသွားရန် လုပ်ငန်းအဖွဲ့ အစည်းအဝေး၌ ကနဦး သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ)

ကျော်ဆု

### နိုင်ငံသမိုင်းအကျဉ်း

အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသည် အာဖရိက တိုက်၏ အနောက်မြောက်ပိုင်း၌ တည်ရှိသည်။ မြောက်ဘက်၌ မြေထဲပင်လယ်၊ အရှေ့ဘက်၌ တူနီးရှားနိုင်ငံနှင့် လစ်ဗျားနိုင်ငံ၊ တောင်ဘက်တွင် မာလီသမ္မတနိုင်ငံနှင့် နိုင်ဂျာသမ္မတနိုင်ငံ၊ အနောက်ဘက်၌ မော့ရီတေးနီးယားနှင့် မော်ရိုကိုနိုင်ငံတို့ဖြင့် ဝန်းရံလျက်ရှိပြီး ဆာဟာရသဲကန္တာရ၌ တစ်စိတ်တစ်ဒေသ ပါဝင်ပါသည်။ နိုင်ငံ၏အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၉၁၉၅၉၁ ရှိသည်။ မြို့တော်မှာ အယ်လ်ဂျီးရီးယား ဖြစ်သည်။ နိုင်ငံ၏လူဦးရေမှာ ၅၃ သန်းကျော်ခန့်ရှိသည်။ အယ်လ်ဂျီးရီးယားနိုင်ငံ၌ မူလနေထိုင်ကြသူများမှာ ဗာဗားလူမျိုးများ ဖြစ်ကြပြီး ၇ ရာစုနှင့် ၈ ရာစု နှစ်များအကြားတွင် အစ္စလာမ်ဘာသာဝင် အာရပ်လူမျိုးများ ဝင်ရောက်နေထိုင်လာကြသည်။ အများစုသည် အာရပ်လူမျိုးများ ဖြစ်ကြသည်။ အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၉၆၂ ခုနှစ်တွင် အာရပ်နိုင်ငံများအသင်း (Arab League) ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်လာခဲ့သည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၆ ရာစုမှ စတင်ကာ တူရကီ အော်တိုမန် အင်ပါယာ၏တစ်စိတ်တစ်ပိုင်းဖြစ်လာခဲ့ပြီး ၁၈၃၀ ပြည့်နှစ်တွင် ပြင်သစ်က သိမ်းပိုက်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှစ၍ အမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ပြီး ၁၉၆၂ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ၁၉၆၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါတီစုံစနစ်ကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၉၁ ခုနှစ်အထိ တစ်ခုတည်းသောအာဏာရပါတီသည် အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီ (FLN) ဖြစ်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ရွေးကောက်ပွဲကို ပါတီစုံဖြင့် ကျင်းပခဲ့ပြီး အစ္စလာမ္မစ်ကယ်တင်ရေးတပ်ဦး (FIS) ပါတီ အနိုင်ရရှိခဲ့သော်လည်း ၎င်းတို့၏ အတိုက်အခံပါတီဖြစ်သည့် ပြည်သူ့အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့များက ရွေးကောက်ပွဲကို ဖျက်သိမ်းခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အယ်လ်ဂျီးရီးယား၌ ပြည်တွင်းစစ်ဖြစ်ပွားခဲ့သဖြင့် စစ်တပ်က အာဏာသိမ်းခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ပြင်ဆင်ဖြည့်စွက်ခဲ့၍ ၁၉၈၉ ခုနှစ်တွင် အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ဆိုင်းငံ့ထားသည့် အရေးပေါ်အခြေအနေတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ပြီး လွှတ်တော် နှစ်ရပ်ပါဝင်သည့် အယ်လ်ဂျီးရီးယား ပါလီမန်ကို ဖွဲ့စည်းခဲ့သည်။

### အစိုးရဖွဲ့စည်းမှု

အယ်လ်ဂျီးရီးယားနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ Semi-Presidential စနစ်ကို လက်ခံကျင့်သုံးပြီး ယင်းအစိုးရစနစ်သည် သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရတို့အကြား အာဏာခွဲဝေ အုပ်ချုပ်သောစနစ်ဖြစ်သည်။ ဝန်ကြီးချုပ်ကို သမ္မတကခန့်အပ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ ဝန်ကြီးများကို ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းပြီး နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ကာ အောက်လွှတ်တော်က အတည်ပြုထားသည့်စီမံချက်များကို အကောင်အထည်ဖော်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ပေးထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေက သမ္မတကို နိုင်ငံတော်အကြီးအကဲအဖြစ်သာမက နိုင်ငံတော် ကာကွယ်ရေးနှင့် နိုင်ငံခြားရေးမူဝါဒများအတွက်ပါ တာဝန်ရှိသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ်လည်း အာဏာများစွာ ပေးထားသည်။ သမ္မတသည် ဝန်ကြီးများကောင်စီ၏ဥက္ကဋ္ဌဖြစ်သည့်အပြင် အစိုးရကိုဖြုတ်ချရန်နှင့် လွှတ်တော်ကိုဖျက်သိမ်းရန် အခွင့်အာဏာရှိသည်။ ထို့ပြင် အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာဝန်ထမ်းများကိုလည်း သမ္မတက ခန့်အပ်နိုင်သည်။ အကယ်၍ သမ္မတက စစ်ကြေညာလိုသည်ဆိုပါက လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးနှင့် တိုင်ပင်ဆွေးနွေးအတည်ပြုကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုင်းငံ့ထား၍ အရေးပေါ်လုပ်ပိုင်ခွင့်များအားလုံးကို သမ္မတထံ အပ်နှင်းရမည်ဖြစ်သည်။

### လွှတ်တော်ဖွဲ့စည်းမှု

အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပါလီမန်




“ ၂၀၂၁ ခုနှစ် ပါလီမန်ရွေးကောက်ပွဲမှစ၍ (Open List PR)စာရင်းဖွင့်အချိုးကျကိုယ်စားပြုစနစ်နှင့် (Threshold) အနိမ့်ဆုံးရရှိ သည့်မဲအရေအတွက် တွက်ချက်နည်းဖြင့် ပထမဆုံး ပြောင်းလဲကျင့်သုံးခဲ့သည်။ အောက်လွှတ်တော်ကိုယ်စားလှယ် နေရာရရှိရန်အတွက် ပါတီများအနေဖြင့် ၎င်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည့်မဲဆန္ဒနယ်တွင် အနည်းဆုံးခိုင်လုံဆန္ဒမဲ၏ ငါးရာခိုင်နှုန်းရရှိရန်လိုအပ်ပြီး အထက်လွှတ်တော်အတွက် ခိုင်လုံဆန္ဒမဲ၏ ခုနစ်ရာခိုင်နှုန်းရရှိရန် လိုအပ်သည်။ ထို့ပြင် ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲရလဒ် လေးရာခိုင်နှုန်းရရှိခဲ့သည့် ပါတီများ သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်တစ်ခုစီတွင် ယင်းမဲဆန္ဒနယ်ရှိ နိုင်ငံသား ၂၅၀ ၏ ထောက်ခံလက်မှတ်ရရှိထားသည့်ပါတီများကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးထား ”

သည် လွှတ်တော် နှစ်ရပ်ပါသော ( bicameral parliament ) ဖြစ်ပြီး အထက်လွှတ်တော် (Council of the Nation) နှင့် အောက်လွှတ်တော် (People’s National Assembly) တို့ဖြင့် ဖွဲ့စည်းထားသည်။ ဥပဒေပြုရေးအာဏာကို အစိုးရနှင့်လွှတ်တော်နှစ်ရပ်ဖြစ်သည့် အထက်လွှတ်တော် (Council of the Nation) နှင့် အောက်လွှတ်တော် (People’s National Assembly) တို့ထံ၌ အပ်နှံထားသည်။ ယင်း အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာခရိုင်များတွင် (List PR) စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။

### အောက်လွှတ်တော်

အောက်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ပြည်သူလူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ် ၄၀၇ ဦးဖြင့် ဖွဲ့စည်းထားသည်။ ဝန်ကြီးချုပ်(သို့) အောက်လွှတ်တော်မှ အနည်းဆုံးကိုယ်စားလှယ် ၂၀ က ဥပဒေကြမ်း တစ်ရပ်ကို တင်သွင်းနိုင်သည်။ အောက်လွှတ်တော်၏ သုံးပုံနှစ်ပုံမဲဖြင့် သမ္မတ၏ ဗီတိုအာဏာကို လွှမ်းမိုးနိုင်ပြီး အစိုးရ (သို့) အစိုးရအဖွဲ့ဝင်များကိုပြစ်တင်ဝေဖန်နိုင်ရန် အခွင့်အာဏာရှိသည်။ အောက်လွှတ်တော်သည် အခြေခံအခွင့်အရေးများ၊ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် ရာဇဝတ်ကျင့်ထုံးဆိုင်ရာ အထွေထွေစည်းမျဉ်းများနှင့် နိုင်ငံတော်ဘဏ္ဍာငွေ ဘတ်ဂျက်များကို ပြဋ္ဌာန်းနိုင်သည်။

### အထက်လွှတ်တော်

အထက်လွှတ်တော်ကို (Council of the Nation) နိုင်ငံတော်ကောင်စီဟုလည်း ခေါ်သည်။ အထက်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်သက်တမ်းမှာ ခြောက်နှစ်ဖြစ်ပြီး အထက်လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာ ၁၄၄ နေရာအနက်မှ သုံးပုံနှစ်ပုံဖြစ်သည့် ၉၆ နေရာကို သွယ်ဝိုက် လျှို့ဝှက်မဲပေးရွေးချယ်ပြီး သုံးပုံတစ်ပုံဖြစ်သည့် ၄၈ နေရာကို နိုင်ငံတော်သမ္မတက ခန့်အပ်သည်။ လွှတ်တော်ကို သုံးနှစ်တစ်ကြိမ် ထက်ဝက်သက်တမ်းတိုးသည်။ အထက်လွှတ်တော်သည် အောက်လွှတ်တော်က တင်ပြလာသည့်ဥပဒေကြမ်းကို ဆွေးနွေးပြီး ထောက်ခံဆန္ဒမဲ လေးပုံတစ်ပုံ ဖြစ်သည့်မဲအများစုဖြင့် အတည်ပြုသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနုတ်ထွက်ခဲ့ပါက အထက်လွှတ်တော်ဥက္ကဋ္ဌက ယာယီသမ္မတအဖြစ် အများဆုံးရက်ပေါင်း ၉၀ အထိ တာဝန်ယူထမ်းဆောင်ရမည်ဖြစ်ပြီး နောက်ထပ်ရွေးကောက်ပွဲ ပြုလုပ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အယ်လ်ဂျီးရီးယား ပါလီမန်သည် အာရပ်နိုင်ငံများအကြားတွင် လွှတ်တော်အတွင်း အမျိုးသမီးအမတ်နေရာရှိမှု အများဆုံးလည်းဖြစ်သည်။

### ရွေးကောက်ပွဲသမိုင်း ကျင်းပခဲ့သည့်ရွေးကောက်ပွဲများ

အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၉၆၂ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း ၁၉၆၃ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ သမ္မတရွေးကောက်ပွဲကို ၁၉၆၃ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၄ ခုနှစ်၊ ၁၉၈၈ ခုနှစ်၊ ၁၉၉၅ ခုနှစ်၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၉ ခုနှစ် စသည်ဖြင့် စုစုပေါင်း (၁၁) ကြိမ် ကျင်းပပြုလုပ်ခဲ့သည်။ ပါလီမန်ရွေးကောက်ပွဲများကိုမူ ပြင်သစ်လက်အောက်ခံနိုင်ငံအဖြစ် တည်ရှိခဲ့စဉ် ၁၈၉၈ ခုနှစ်ကတည်းကပင်စတင်၍ ၂၀၂၁ ခုနှစ်အထိ စုစုပေါင်း ၂၈ ကြိမ် ပါလီမန်ရွေးကောက်ပွဲ ပြုလုပ်ခဲ့သည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ၁၉၄၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၇ ကြိမ် ဆန္ဒခံယူပွဲကျင်းပပြုလုပ်ခဲ့သည်။

### ရွေးကောက်ပွဲစနစ်

အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၉၆၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ တစ်ပါတီစနစ်ဖြစ်ခဲ့ပြီး အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီ (FLN) သည် တစ်ခုတည်းသော ပါတီဖြစ်ခဲ့သည်။ ၁၉၉၈ ခုနှစ်မှစ၍ ပါတီစုံရွေးကောက်ပွဲများ ကျင်းပခဲ့သော်လည်း လွတ်လပ်စွာနိုင်ငံရေးပြောဆိုခွင့်၊ ဆန္ဒပြခြင်းနှင့် စုဝေးခွင့်ကို ကန့်သတ်ပိတ်ပင်ထားသည်။ ၁၉၉၁ ခုနှစ်မှစ၍ ပါတီစုံစနစ် အားကောင်းလာသော်လည်း နိုင်ငံရေးမငြိမ်သက်မှုများနှင့် ပြည်တွင်းစစ်ကြောင့် သေဆုံးသူ တစ်သိန်းကျော်ရှိခဲ့သည်။ ဖွဲ့စည်းပုံအရ ပါတီစုံစနစ်ကို အသိအမှတ်ပြုသော်လည်း ဘာသာရေးတွင် ကန့်သတ်မှုရှိသည်။ ပါတီစုံစနစ်ဖြစ်သည့်အတွက် ပါတီများစွာရှိပြီး

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

ပါတီတစ်ခုတည်းမှ အပြတ်အသတ်အနိုင်ရပြီး အာဏာရရန် အခွင့်အလမ်းမရှိသည့်အပြင် ညွန့်ပေါင်းအစိုးရဖွဲ့ရန် ပါတီများအချင်းချင်း ပူးပေါင်းလုပ်ဆောင်ရမည် ဖြစ်သည်။ သမ္မတကို နှစ်ကျော့ပြန်မဲပေးစနစ် (Two-round system-TRS) ဖြင့် တိုက်ရိုက်မဲပေးရွေးချယ်သည်။ လွှတ်တော်ရွေးကောက်ပွဲများအတွက် (Closed List PR) စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ်ကိုကျင့်သုံး၍ ရရှိသည့်မဲရလဒ်အရ လွှတ်တော်ကိုယ်စားလှယ်နေရာခွဲဝေရန် (Largest Remainder Formula)မဲကျန်အများဆုံးတွက်နည်းကိုသုံး၍ တွက်ချက်သည်။ ၂၀၂၁ ခုနှစ် ပါလီမန်ရွေးကောက်ပွဲမှစ၍ (Open List PR) စာရင်းဖွင့်အချိုးကျကိုယ်စားပြုစနစ်နှင့် (Threshold) အနိမ့်ဆုံးရရှိသည့်မဲအရေအတွက် တွက်ချက်နည်းဖြင့် ပထမဆုံး ပြောင်းလဲကျင့်သုံးခဲ့သည်။ အောက်လွှတ်တော်ကိုယ်စားလှယ်နေရာရရှိရန်အတွက် ပါတီများအနေဖြင့် ၎င်းတို့ဝင်ရောက်ယှဉ်ပြိုင်မည့်မဲဆန္ဒနယ်တွင် အနည်းဆုံးခိုင်လုံဆန္ဒမဲ၏ ငါးရာခိုင်နှုန်းရရှိရန်လိုအပ်ပြီး အထက်လွှတ်တော်အတွက် ခိုင်လုံဆန္ဒမဲ၏ ခုနစ်ရာခိုင်နှုန်းရရှိရန် လိုအပ်သည်။ ထို့ပြင် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မဲရလဒ် လေးရာခိုင်နှုန်းရရှိခဲ့သည့် ပါတီများ သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်မည့်မဲဆန္ဒနယ်တစ်ခုစီတွင် ယင်းမဲဆန္ဒနယ်ရှိ နိုင်ငံသား ၂၅၀ ၏ ထောက်ခံလက်မှတ်ရရှိထား သည့်ပါတီများကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးထားသည်။

## ရွေးကောက်ပွဲများတွင်ဖြစ်ပွားခဲ့သည့် ထူးခြားဖြစ်စဉ်များ

၁၉၄၈ ခုနှစ် အောက်လွှတ်တော်ရွေးကောက်ပွဲနှင့် ၁၉၅၁ ခုနှစ် ပြင်သစ်ပါလီမန်ရွေးကောက်ပွဲတို့တွင် မဲမသမာမှုကျူးလွန်သည့်ဖြစ်စဉ်များ ရှိခဲ့သည်။ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ကျင်းပခဲ့သည့် ပါလီမန်ရွေးကောက်ပွဲများကို သပိတ်မှောက်ခဲ့ကြပြီး ၂၀၀၉ ခုနှစ် သမ္မတရွေးကောက်ပွဲကိုလည်း စနစ်တကျ မဲလိမ်ညာမှုရှိသည်ဟု စွပ်စွဲပြောဆိုမှုများရှိခဲ့သည်။ ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲရလဒ်အပေါ် အစ္စလာမ်ဘာသာဝင်များက အငြင်းပွားကန့်ကွက်မှုများရှိခဲ့သည်။ နောက်ဆုံးကျင်းပခဲ့သည့် ပါလီမန်ရွေးကောက်ပွဲကို ၂၀၂၂ ခုနှစ်တွင် ကျင်းပရန် ရည်ရွယ်ထားသော်လည်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဖွဲ့စည်းပုံပြင်ဆင်ရန်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရမည်ဖြစ်သဖြင့် ရွေးကောက်ပွဲကို ၂၀၂၁ ခုနှစ် ဇွန် ၁၂ ရက်တွင် စောစီးစွာကျင်းပခဲ့သည်။ ရွေးကောက်ပွဲမကျင်းပမီ လအနည်းငယ်စော၍ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ခဲ့ပြီး Open List PR စနစ်နှင့် threshold တွက်ချက်နည်းတို့ဖြင့် စတင်မိတ်ဆက်ပေးခဲ့သည့် ပထမဆုံးသော ရွေးကောက်ပွဲဖြစ်သည်။ အယ်လ်ဂျီးရီးယားနိုင်ငံသည် ပြည်နယ်ပေါင်း ၄၈ ပြည်နယ်၊ ခရိုင်ပေါင်း ၅၄၈ ခရိုင်နှင့် မြို့နယ်ပေါင်း ၁၅၄၁ မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသည်။ ယခင်က မဲဆန္ဒနယ် ၄၈ နယ်သာ ရှိခဲ့သော်လည်း ၂၀၂၁ ရွေးကောက်ပွဲမတိုင်မီ ၂၀၁၉ ခုနှစ်တွင် မဲဆန္ဒနယ် ၁၀ နယ် ထပ်မံတိုးခဲ့ပြီး စုစုပေါင်း ၅၈ နယ်ဖြစ်လာသည်။ ထူးခြားချက်မှာ ယခင်ဥပဒေပြဋ္ဌာန်းချက်အရ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မဲရလဒ် လေးရာခိုင်နှုန်း ရရှိသည့်ပါတီများ သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်တစ်ခုစီတွင် နိုင်ငံသား ၂၅၀ ၏ထောက်ခံလက်မှတ်ရရှိထားသည့် ကိုယ်စားလှယ်လောင်းများကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးထားသည့် ကန့်သတ်ချက်ကို ၂၀၂၁ ခုနှစ်ရွေးကောက်ပွဲတွင် ဖယ်ရှားလိုက်သည်။

## ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှု

လွတ်လပ်သောအမျိုးသားရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် စုစုပေါင်း ၂၀ ဖြင့် ဖွဲ့စည်းထားသည်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား အဖွဲ့ဝင်များက မဲပေးခြင်းဖြင့် မဲအများဆုံးရရှိသူကို ယှဉ်ပြိုင်ရွေးချယ်ပြီး မဲရရှိမှုတူညီနေပါက အသက်ပို၍ကြီးသူကို ဦးစားပေးရွေးချယ်တင်မြှောက်သည်။ နိုင်ငံတော်သမ္မတသည် ရွေးချယ်ခံရသော ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ခန့်အပ်သည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲကော်မရှင် ဥပဒေပါသတ်မှတ်ချက်များနှင့်အညီ ခန့်အပ်သည်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ လုပ်ငန်း တာဝန်ထမ်းဆောင်သည့် သက်တမ်းကာလသတ်မှတ်ချက်မှာ ခြောက်နှစ်ဖြစ်သည်။ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၏ သက်တမ်းကာလကိုလည်း ခြောက် နှစ်ထက်မပိုသည့် သတ်မှတ်ချက်နှင့် တစ်ကြိမ်သာခန့်အပ်နိုင်သည်။

## ရွေးကောက်ပွဲစီမံခန့်ခွဲမှု

လွတ်လပ်သောအမျိုးသားရွေးကောက်ပွဲကော်မရှင်သည် အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်သောအဖွဲ့အစည်းဖြစ်သည်။ ရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတို့အတွက် ပြင်ဆင်ခြင်း၊ ကျင်းပခြင်းနှင့် ကြီးကြပ်စီမံခန့်ခွဲခြင်းများဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သည်။ မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပြင်ဆင်ခြင်း၊ အသိပညာပေးခြင်း၊ မဲဆန္ဒရှင်စာရင်းများ မှတ်ပုံတင်ခြင်း၊ မီဒီယာနှင့် စောင့်ကြည့်လေ့လာသူများအား အသိအမှတ်ပြုခြင်း၊ မဲရေတွက်ခြင်းနှင့် ရွေးကောက်ပွဲအငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းပေးခြင်း စသည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆောင်ရွက်သည်။ လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင်အား စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ရွေးကောက်ပွဲရလဒ်ကြေညာသည့်နေ့အထိ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် တာဝန်ဝတ္တရားများကို ပြီးဆုံးအောင် ဆောင်ရွက်ရသည်။ လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် ၎င်းတို့၏တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိ၍ သမာသမတ်ကျကျ ဆောင်ရွက်ရသည်။

သက်ဆိုင်ရာ ပြည်သူ့အာဏာပိုင်အဖွဲ့အစည်းများသည် လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အကူအညီများ၊ လိုအပ်သည့်စာရွက်စာတမ်းအချက်အလက်များကို ပံ့ပိုးပေးရမည်။ လွတ်လပ်သောအမျိုးသားရွေးကောက်ပွဲကော်မရှင်သည် ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းများဖြင့် ဝန်ထမ်းအင်အား ဖြည့်တင်းထားရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင်အား ရွေးကောက်ပွဲများကို ကြီးကြပ်ကွပ်ကဲရန် အခွင့်အာဏာပေး၍ ဖွဲ့စည်းထားသော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆိုင်ရာအလုံးစုံကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူစီမံဆောင်ရွက်ရန် အခွင့်အာဏာရှိသည်။

## ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းမှုနှင့်ပြင်ဆင်မှုများ

ရွေးကောက်ပွဲဥပဒေတွင် ရွေးကောက်ပွဲဆိုင်ရာပြဋ္ဌာန်းချက်များ၊ မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒရှင်စာရင်း ပြန်လည်ပြင်ဆင်ခြင်း၊ မဲဆန္ဒရှင်ကတ်ပြားထုတ်ပေးခြင်း၊ ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ကိုယ်စားမဲပေးခြင်း၊ သက်ဆိုင်ရာ လွှတ်တော်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ သမ္မတရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ စသည့်အခန်းများ ပါဝင်သည်။

ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းမှုရှိခဲ့သည်။ ပြင်ဆင်ချက်အရ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် နိုင်ငံရေးပါတီများမှ တင်သွင်းသည့် ကိုယ်စားလှယ်လောင်းစာရင်းတွင် မဲဆန္ဒနယ်အရွယ်အစားအပေါ်မူတည်ပြီး အမျိုးသမီးများအတွက် (quota)ကိုတာ ခွဲတမ်းအရေအတွက်ကို တိုး၍သတ်မှတ်ထားသည်။ နောက်ဆုံးပြင်ဆင်ပြဋ္ဌာန်းမှုအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။

## မဲဆန္ဒနယ်သတ်မှတ်ခြင်း

ပြည်နယ် ၅၈ ခုနှင့် နိုင်ငံပြင်ပရောက် လူမျိုးစုကိုယ်စားပြုမဲဆန္ဒနယ်တစ်ခု စုစုပေါင်း မဲဆန္ဒနယ် ၅၉ နယ်သတ်မှတ်ထားသည်။ ပြည်ပတွင်နေထိုင်သော အယ်လ်ဂျီးရီးယားနိုင်ငံသားများအတွက် ကိုယ်စားလှယ်ရွေးချယ်ရာကို သီးသန့်ထားရှိသည်။

## နိုင်ငံရေးပါတီများဆိုင်ရာ

ယနေ့အထိ အယ်လ်ဂျီးရီးယားတွင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၄၀ ကျော်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပါတီစုံစနစ်ကို အသိအမှတ်ပြုသော်လည်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ ပါတီဝင်များသည် အစ္စလာမ်ဘာသာဝင်ဖြစ်ရမည်ဟု ဘာသာရေးကန့်သတ်ချက်ရှိသည်။ ၁၉၆၃ ခုနှစ်မှစ၍ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့သော်လည်း ၁၉၈၈ ခုနှစ်မှစတင်ပြီး ပါတီစုံဒီမိုကရေစီစနစ်ဖြစ်လာခဲ့ရာ အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီအပြင် အခြားပါတီများက ဝင်ရောက်ယှဉ်ပြိုင်လာကြသည်။ ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေးအသင်းအဖွဲ့ တာဝန်ထမ်းဆောင်နေသူများအား ပါတီတည်ထောင်ခွင့်နှင့် ပါတီဝင်ဖြစ်ခွင့်ကို တားမြစ်ထားသည်။ နိုင်ငံရေးပါတီများကို နိုင်ငံခြားမှ အထောက်အပံ့ရယူခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းများကို ပိတ်ပင်ထားသည်။ နိုင်ငံရေးပါတီများသည် နိုင်ထက်စီးနင်းပြုခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို အားပေးကူညီခြင်းမပြုရဟု တားမြစ်ထားသည်။

## လွှတ်တော်ကိုယ်စားလှယ်လောင်းများဆိုင်ရာ

အောက်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ယှဉ်ပြိုင်နိုင်ရန်အတွက် အနိမ့်ဆုံးအသက်ကန့်သတ်ချက်မှာ ၂၈ နှစ်ဖြစ်ပြီး အယ်လ်ဂျီးရီးယားနိုင်ငံသားဖြစ်ရမည်။ အထက်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် အနိမ့်ဆုံး အသက်ကန့်သတ်ချက်မှာ ၄၀ နှစ်ဖြစ်သည်။ စစ်မှုထမ်းတာဝန်ကိုလည်း ကျေပွန်ရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ရွေးကောက်ပွဲမကျင်းပမီ ရက်ပေါင်း ၄၅ ရက်မတိုင်မီတွင် ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရမည်ဖြစ်သည်။ တင်သွင်းထားသည့်အရေအတွက်မှ (၁/၃) သုံးပုံတစ်ပုံသည် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ပါလီမန်ရွေးကောက်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းသည် ၎င်းယှဉ်ပြိုင်မည့်မဲဆန္ဒနယ်တွင် မဲစာရင်းမှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်အနည်းဆုံး ၄၀၀ ၏ လက်မှတ်ထိုးထောက်ခံမှု ရရှိထားရမည်။

## မဲဆန္ဒရှင်များဆိုင်ရာ

အယ်လ်ဂျီးရီးယားတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရှိသည်။ ရာဇဝတ်မှုကျူးလွန်ထားသူ၊ ထောင်ဒဏ်ကျခံနေရသူ၊ ယခင်က ထောင်ကျခံခဲ့ရသူ၊ အချုပ်ကျနေသူများသည် မဲပေးခွင့်မရှိပါ။ မဲပေးပိုင်ခွင့်အရည်အချင်းပြည့်မီသူ နိုင်ငံသားတိုင်းသည် မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်းကို မဖြစ်မနေစာရင်းပေး၍ မှတ်ပုံတင်ခြင်းဆောင်ရွက်ရမည်။ မဲပေးနိုင်ရန်အတွက် Voter card ကို သက်ဆိုင်ရာပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ထုတ်ပေးသည်။ အယ်လ်ဂျီးရီးယားတွင် မဲပေးရန် မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေမှာ ပြည်တွင်းတွင် ၂၃၅၈၇၈၁၅ ဦးနှင့် ပြည်ပတွင် ၉၀၂၃၆၅ ဦး စုစုပေါင်း ၂၄၄၉၀၁၈၀ ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ အယူခံဝင်ပြီးနောက် တရားဝင်မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေ ၂၄၄၅၃၉၉၂ ဦးအထိ လျော့ကျကျန်ရှိခဲ့သည်။ သို့ဖြစ်ပါ၍ အယ်လ်ဂျီးရီးယားနိုင်ငံတွင် ယနေ့အထိ တရားဝင်မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေ ၂၄ ဒသမ ၅ သန်းခန့်ရှိသည်။

## ဆန္ဒမဲပေးခြင်း

မဖြစ်မနေမဲပေးရသည့်စနစ်မဟုတ်ဘဲ ဆန္ဒအလျောက်မဲပေးခြင်းစနစ်ဖြစ်သည်။ ဆေးရုံ သို့မဟုတ် အိမ်တွင်ဆေးကုသမှုခံယူနေရသူများ၊ လှုပ်ရှားမရဖြစ်နေသည့် မသန်စွမ်းသူများ၊ မဲဆန္ဒနယ်ပြင်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူများနှင့် ခရီးလွန်နေသူများ၊ မဲပေးသည့်နေ့တွင် တာဝန်ထမ်းဆောင်ရမည့်သူများအနေဖြင့် ကိုယ်စားမဲပေးခြင်း ပြုလုပ်နိုင်သည်။ နိုင်ငံပြင်ပသို့ ရောက်ရှိနေသူများအနေဖြင့် ကိုယ်စားမဲပေးခြင်း၊ သက်ဆိုင်ရာသံရုံးများနှင့် ကောင်စစ်ဝန်ရုံးများသို့ သွားရောက်မဲပေးခြင်းများ ပြုလုပ်နိုင်သည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံဖွင့်ချိန်မှာ နံနက် ၈ နာရီဖြစ်ပြီး မဲရုံပိတ်ချိန်မှာ ည ၇ နာရီဖြစ်သည်။ မဲရုံတွင် မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် အတွင်းရေးမှူးတစ်ဦး၊ အကဲဖြတ် နှစ်ဦးနှင့် မဲရုံအဖွဲ့ဝင်များဖြင့် တာဝန်ချထားသည်။ မဲရုံတာဝန်ရှိသူများကို ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများ၏ ဆွေမျိုးများမဟုတ်သည့် သူများကိုသာ ရွေးချယ်ခန့်အပ်ထားရသည်။ မဲဆန္ဒရှင်များသည် မဲရုံသို့သွားရောက်၍ လျှို့ဝှက်ဆန္ဒပြုရသည်။ မဲဆန္ဒရှင်အနေဖြင့် လျှို့ဝှက်ဆန္ဒပြုခန်းတွင် ဆန္ဒပြုပြီးပါက ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်၍ မဲပေးပြီးကြောင်း သက်သေအဖြစ် လက်မှတ်ထိုးပြီး လက်ချောင်းကို မင်တို့ခဲ့ရမည်ဖြစ်သည်။

## ရွေးကောက်ပွဲရလဒ်များရေတွက်ခြင်း

မဲပေးသည့်လုပ်ငန်းစဉ်ပြီးဆုံးသည်နှင့် မဲရေတွက်ခြင်းကို ပွင့်လင်းမြင်သာစွာဖြင့် အများပြည်သူရှေ့တွင် ဆောင်ရွက်သည်။ မဲရုံအဖွဲ့ဝင်များ၏ ကြီးကြပ်မှုအောက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်များ၏ ရှေ့မှောက်တွင် တာလီချိုး၍ မဲရေတွက်ရမည်ဖြစ်သည်။ ပယ်မဲများကို ထည့်သွင်းရေတွက်ခြင်းမပြုပါ။ မဲရေတွက်စဉ် မဲဆန္ဒရှင်များအနေဖြင့် လာရောက်ကြည့်ရှုနိုင်ပြီး မဲရေတွက်ခြင်းလုပ်ငန်းစဉ်တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည်။ ရေတွက်ပြီးသည့် မဲလက်မှတ်များကို သေချာစွာစုစည်း၍ မှတ်တမ်းတင်ထားရှိရသည်။ မဲရေတွက်ပြီးသည့် ရလဒ်ကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ မှတ်ချက်များနှင့်အတူ ထည့်သွင်းဖော်ပြ၍ မပြယ်သည့်မင်ဖြင့် ရေးသားပြီး တရားဝင်မှတ်တမ်းတင်ထားရှိသည်။ မဲရေတွက်ထားသည့်ရလဒ်မှတ်တမ်းပေါ်တွင် မဲရုံအဖွဲ့ဝင်များက လက်မှတ်ထိုး၍ မိတ္တူနှစ်စောင် ကူးယူထားရသည်။ ရွေးကောက်ပွဲရလဒ်ကို မဲရုံမှူးက အများပြည်သူရှေ့မှောက်တွင် ကြေညာပြီး မဲရုံ၌ မြင်သာစေရန် ကပ်ထားသည်။

## ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ

### ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲ

၂၀၁၂ ခုနှစ်စာရင်းအရ ပါလီမန်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၄၆၂ နေရာရှိသည်။ ၂၀၁၂ ခုနှစ် မေလ ရွေးကောက်ပွဲတွင် မဲပေးသူ ၄၂ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း အစိုးရက ဖော်ပြခဲ့သော်လည်း BBC သတင်းဌာနက မဲမသမာမှုများရှိခဲ့သည်ဟု ဆိုသည်။ ထိုရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၄၄ ပါတီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီက အခြားပြိုင်ဘက်ပါတီများကို ကျော်လွန်၍ အမတ်နေရာ ၂၂၀ ကို ရရှိခဲ့သည်။ အစ္စလာမ္မစ်မဟာမိတ်အဖွဲ့ပါတီမှ ၆၆ နေရာဖြင့် ဒုတိယမဲရလဒ်အများဆုံးရခဲ့သည်။ ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲရလဒ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုများရှိခဲ့သည်။

*စာမျက်နှာ ၁၂ သို့*

# ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယနေ့ အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ လေ့ကျင့်ရေးကွင်း ကွင်းအမှတ် (၃) တွင် အုပ်စု(၂) ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာပြည်) အသင်း(ခ) ကွန်ပျူတာတက္ကသိုလ်(ပုသိမ်၊ မအူပင်၊ ဟင်္သာတ၊ သထုံ)နှင့် အသင်း(ဂ) ကွန်ပျူတာတက္ကသိုလ် (တောင်ငူ၊ ပြည်၊ ဘားအံ၊ လှိုင်ကော်) တို့ ယှဉ်ပြိုင်ကစားကြရာ ယင်းပွဲစဉ်တွင် အသင်း(ခ)မှ အသင်း(ဂ)ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မွန်းလွဲပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ် (၁) ၌ အုပ်စု (၄) နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(က) ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မှော်ဘီ၊ တောင်ငူ) နှင့် အသင်း (ဃ) ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မအူပင်၊ ထားဝယ်၊ မြိတ်) တို့ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)** ယင်းပွဲစဉ်တွင် အသင်း(က) မှ အသင်း (ဃ) ကို ခြောက်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့ကျင့်ရေးကွင်း ကွင်းအမှတ် ၃ တွင် အုပ်စု (၄) နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(ခ) ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (စစ်တွေ၊ ပုသိမ်၊ ဟင်္သာတ) နှင့် အသင်း(ဂ) နည်းပညာတက္ကသိုလ်(သန်လျင်၊ မော်လမြိုင်၊ ဘားအံ)တို့ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ ပွဲစဉ်အပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ကျောင်းသား အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းပွဲစဉ်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ အသင်း(ခ)နှင့် အသင်း(ဂ) တို့က တစ်ဖက် – တစ်ဂိုးစီဖြင့် သရေကျခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# လယ်ဝေး၌ ကောက်စိုက်စက်နှင့် ၁၀ တန်းသွားမျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုး

**လယ်ဝေး မတ် ၂၀**

ကျေးလက်နေ တောင်သူများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သမားရိုးကျစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် ၄၇ စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်နှင့် (၁၀) တန်းသွား မျိုးစေ့ချကိရိယာတို့ဖြင့် နွေစပါးစိုက်ပျိုးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လယ်ဝေးမြို့ အမှတ် ၄၇ စက်မှုလယ်ယာ စခန်းအနေဖြင့် ရေအိုးစဉ်ကျေးရွာနှင့် ကန်လှ ကျေးရွာတို့တွင် ကောက်စိုက်စက်ဖြင့်လည်းကောင်း သာယာကုန်း ကျေးရွာ၊ ရေအိုးစဉ်ကျေးရွာ၊ ငှက်ပျောတော ကျေးရွာနှင့် ကူသပိတ်ကျေးရွာတို့တွင် (၁၀) တန်းသွား မျိုးစေ့ချကိရိယာဖြင့် လည်းကောင်း ဒေသခံတောင်သူများ၏ လယ်မြေများတွင် နွေစပါး စိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

**ဝေကြည်( ပြန်/ဆက် )**





# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မတ် ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ရှစ်စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံး မော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

## ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲ

၂၀၁၇ ခုနှစ်၊ မေလတွင် ကျင်းပခဲ့သည့် ပါလီမန်ရွေးကောက်ပွဲ၌ မဲပေးသူ ၃၅ ရာခိုင်နှုန်းသာ ရှိခဲ့ပြီး ၂၀၁၂ ပါလီမန်ရွေးကောက်ပွဲ၌ မဲပေးခဲ့သည့်ရာခိုင်နှုန်း ၄၃ ရာခိုင်နှုန်းအောက်ပင် လျော့နည်းနေသည်။ အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီသည် ဒီမိုကရေစီဦးတည်ရေးပါတီနှင့်ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ခဲ့သော်လည်း အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီအနေဖြင့် ရရှိခဲ့သည့်မဲရလဒ်သည် သိသာစွာပင် လျော့နည်းကျဆင်းခဲ့သည်။

## ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲ

၂၀၂၁ ခုနှစ် ပါလီမန်ရွေးကောက်ပွဲကို ဇွန် ၁၂ ရက်တွင် ကျင်းပခဲ့ပြီး နောက်ဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲဖြစ်သည်။ အောက်လွှတ်တော်အတွက် အမတ်နေရာ ၄၀၇ နေရာကို ရွေးကောက်တင်မြှောက်ခဲ့သည်။ ဤရွေးကောက်ပွဲသည် အယ်လ်ဂျီးရီးယားသမိုင်းတွင် မဲပေးသူ အနည်းဆုံးဖြစ်ခဲ့ပြီး ၂၃ ရာခိုင်နှုန်းအောက်သာ မဲပေးခဲ့ကြသည်။ ဒီမိုကရေစီဦးတည်ရေးပါတီအနေဖြင့် ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲတွင် မဲအနည်းငယ်သာရရှိခဲ့၍ အမတ်နေရာရရှိမှုနည်းခဲ့သောကြောင့် ဆုံးရှုံးမှုများခဲ့သည်။ အမျိုးသားလွတ်မြောက်ရေးတပ်ဦးပါတီသည် မဲပေးနှုန်းလျော့ကျမှုကို ရင်ဆိုင်ခဲ့ရသော်လည်း အမတ်နေရာအသာရရှိ၍ အခြားပါတီများ၊ တစ်သီးပုဂ္ဂလများနှင့် ပူးပေါင်းကာ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် ပါတီတစ်ခုချင်းစီအလိုက် ရရှိခဲ့သောလွှတ်တော်ကိုယ်စားလှယ်လောင်းနေရာများမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | ပါတီအမည် | မဲအရေအတွက် | ရာခိုင်နှုန်း | ကိုယ်စားလှယ်နေရာများ |
|---|---|---|---|---|
| | National Liberation Front | 287,828 | 6.24 | 98 |
| | Movement of Society for Peace | 208,471 | 4.52 | 65 |
| | Democratic National Rally | 198,758 | 4.31 | 58 |
| | Future Front | 153,987 | 3.34 | 48 |
| | National Construction Movement | 106,203 | 2.30 | 39 |
| | Voice of the People | 13,103 | 0.28 | 3 |
| | Freedom and Justice Party | 10,618 | 0.23 | 2 |
| | New Algeria Front | 7,916 | 0.17 | 1 |
| | Justice and Development Front | 7,667 | 0.17 | 2 |
| | El Fadjr El Djadid | 7,433 | 0.16 | 2 |
| | Dignity Party | 5,942 | 0.13 | 1 |
| | Good Governance Front | 3,724 | 0.08 | 2 |
| | Jil Jadid | 3,576 | 0.08 | 1 |
| | Algerian National Front | 1,207 | 0.03 | 1 |
| | Minor independent lists that won seats | 256,732 | 5.57 | 84 |
| | Others | 3,337,487 | 72.39 | 0 |
| | **Total** | **4,610,652** | **100.00** | **407** |
| | ခိုင်လုံမဲများ | 4,610,652 | 82.01 | |
| | ပယ်မဲများ | 1,011,749 | 17.99 | |
| | **စုစုပေါင်း** | **5,622,401** | **100.00** | |
| | မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင် စုစုပေါင်း | 24,453,992 | 22.99 | |

၂၀၂၁ ခုနှစ် ပါလီမန် ရွေးကောက်ပွဲတွင် ပါတီတစ်ခုချင်းစီအလိုက် ရရှိခဲ့သောလွှတ်တော် ကိုယ်စားလှယ်လောင်းနေရာများ။

## နိဂုံး

အယ်လ်ဂျီးရီးယားနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတို့၌ သဘောထားကွဲလွဲမှုများနှင့်အတူ အပြောင်းအလဲများစွာ အဆက်မပြတ်ဖြစ်ပေါ်ခဲ့သည်။ ရွေးကောက်ပွဲများကို အကြိမ်ကြိမ်ကျင်းပခဲ့ခြင်း၊ ပြန်လည်ဖျက်သိမ်းခြင်း၊ ရွှေ့ဆိုင်းခြင်း၊ ဆန္ဒပြခြင်း၊ မဲမသမာမှုများကြောင့် အယုံအကြည်ကင်းမဲ့စေသော ရွေးကောက်ပွဲများရှိခဲ့သော်လည်း ကောင်းမွန်သည့်အစိုးရတစ်ရပ် ပေါ်ထွန်းလာနိုင်ရန် ပြည်သူများက မျှော်လင့်လျက်ရှိသည်။ ဒီမိုကရေစီစနစ်ကို ကူးပြောင်းရန်အတွက် နိုင်ငံရေးစနစ်အပြောင်းအလဲကို အနည်းငယ်တံခါးဖွင့်ပေးခဲ့သည့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အယ်လ်ဂျီးရီးယားနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၉၈၈ ခုနှစ်ကတည်းကပင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့ပြီး ပြောင်းလဲလာသည့်စနစ်များအပေါ် အသားကျလက်ခံကျင့်သုံးနိုင်ရန် ရွေးကောက်ပွဲဥပဒေများကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်ခုအဖြစ် တွေ့ရှိရပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေး ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၂)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် မတ် ၃၀

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၂) နှင့် အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ် (၁၃) တို့၏ သင်တန်းဆင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် နီလာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေးက နိုင်ငံတော်အနေဖြင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းနှင့် အဆင့်မြင့်အရာထမ်းသင်တန်းများကို အတွေ့အကြုံရင့်ကျက်ပြီး ကိုယ်ရည်ကိုယ်သွေးမြင့်မားသော နိုင်ငံ့ဝန်ထမ်းအဆင့်မြင့် အရာရှိကြီးများအတွက် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေး ပိုမိုထူးချွန်ပြီး ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ် အမြော်အမြင်ဖြင့် ပြည့်စုံမှု၊ တီထွင်ဖန်တီးနိုင်စွမ်းရှိမှု၊ စူးစမ်းရှာဖွေ လေ့လာသင်ယူနိုင်စွမ်းရှိမှုနှင့် ဆန်းစစ်ဝေဖန် သုံးသပ်နိုင်မှုစသည့် အရည်အသွေးကောင်းများ ထက်မြက်လာစေရန်ဖြစ်ပါကြောင်း၊

သင်တန်းသားများသည် အဆင့်မြင့်အရာရှိကြီးများဖြစ်သည်နှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးပါသည့်ကဏ္ဍများ၌ အဆင့်မြင့်တာဝန်များ ထမ်းဆောင်ခွင့်ရသူများလည်းဖြစ်ပါကြောင်း၊ ထို့အပြင် အနာဂတ် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံ့ဝန်ထမ်းများသည် အဓိကတာဝန်ရှိသူများလည်းဖြစ်ပါကြောင်း၊ ယခုသင်တန်းမှ ရရှိသည့် ပညာရပ် အတွေ့အကြုံ၊ ဗဟုသုတများကို အခြေခံပြီး ခေတ်မီနည်းပညာများဖြင့် အသုံးချကာ အဆင့်မြင့်မြင့်တွေးခေါ် စီမံဆောင်ရွက်တတ်သူများ ဖြစ်လာစေလိုကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်အပေါ် မိမိတို့နှင့် သက်ဆိုင်သော အခန်းကဏ္ဍကိုလိုက်၍ အလေးထား တာဝန်ထမ်းဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲမှ အခါအားလျော်စွာ ချမှတ်လမ်းညွှန်သော ညွှန်ကြားချက်များကို မျက်ခြည်မပြတ် အထူးအလေးထားဆောင်ရွက်ပြီး နိုင်ငံတော်၏ အကျိုးအတွက် မိမိတို့ဌာနအလိုက် လုပ်ငန်းတာဝန်များကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ စိတ်စေတနာအပြည့်ဖြင့် သစ္စာရှိစွာ တာဝန်ထမ်းဆောင်သွားရန်လိုကြောင်း၊ သင်တန်းမှ သင်ကြားပေးလိုက်သော သင်ခန်းစာများကို အခြေခံ၍ နိုင်ငံတကာအဆင့်မီ ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်၍ မိမိတို့၏ ကိုယ်ရည်ကိုယ်သွေး တိုးတက်အောင် ဆောင်ရွက်ရင်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အားကိုးယုံကြည်ရသော နိုင်ငံ့ဝန်ထမ်းများအဖြစ် အဆင့်မြင့်တာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်သူများ ဖြစ်လာရန် မျှော်လင့်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ (ဓာတ်ပုံ)

ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ် (၁၂) သို့ သင်တန်းသား ၁၇ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၃) သို့ သင်တန်းသား ၃၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့သည်။

ထို့နောက် တက္ကသိုလ်တွင် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့သည့် အဆောက်အအုံများ၊ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောက်လုပ် အကောင်အထည်ဖော်မည့် တည်ဆောက်ရေး လျာထားမြေနေရာများနှင့် သစ်သီးဝလံ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၃၀

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို Online စနစ်ဖြင့် ယနေ့နံနက်ပိုင်းက ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သည့် အသိအမြင်များ တိုးပွားလာမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားခြင်းဖြင့် ပြည်သူ့ဘဏ္ဍာများကို နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် နေရာများတွင် မှန်မှန်ကန်ကန်သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးမှ ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ရာတွင် အဟန့်အတားတစ်ခုဖြစ်သည့်အတွက် အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်ရန်လိုအပ်ကြောင်း၊ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ဌေးအောင်က အဂတိလိုက်စားမှုသည် ယုံကြည်အပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်းသည် အစိုးရဌာနများတွင်သာမက ပုဂ္ဂလိကလုပ်ငန်းများနှင့်ပါ သက်ဆိုင်ပြီး လာဘ်ငွေ အနည်းငယ်ပေးခြင်း/ယူခြင်းမှသည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းအထိ ပါဝင်ပါကြောင်း၊ အဂတိလိုက်စားခြင်းသည် အကျင့်ဖောက်ပြန်ခြင်း ဖြစ်သည့်အပြင် တံစိုးလက်ဆောင် ပေးခြင်း/ယူခြင်း၊ လုပ်ပိုင်ခွင့် အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ ဆရာမွေးတပည့်မွေးခြင်း၊ ခြိမ်းခြောက်၍ ငွေညှစ်ခြင်း၊ အပေါင်းအဖော်ကောင်းစားရေးအတွက် ဘက်လိုက်ခြင်းနှင့် ဆွေမျိုးသားချင်း ကောင်းစားရေးဝါဒကျင့်သုံးခြင်းတို့အထိ ပါဝင်ပါကြောင်း၊ ပညာပေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အစိုးရအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဌာနများမှ ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပါကြောင်း။

အဂတိ လိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အသိပညာပေး ဟောပြောပွဲများမှ အသိအမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူးများ ရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ကော်မရှင်အနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်သို့ လှမ်းကိုင်နိုင်ရေးသည် အန္တိမရည်မှန်းချက်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းကို မတ် ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) မှ အဖွဲ့ဝင်များအား Online စနစ်ဖြင့် ဆက်လက်ဆွေးနွေး ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၃၀

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကူးတို့ရေယာဉ် မီးလောင်၊ ၂၉ ဦးသေဆုံးပြီး ၂၀၀ ကျော် ကယ်တင်နိုင်ခဲ့

မနီလာ မတ် ၃၀

**ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ မတ် ၂၉ ရက် ညပိုင်းက လူပေါင်း ၂၀၀ ကျော်ကို တင်ဆောင်လာသည့် ကူးတို့ရေယာဉ်မီးလောင်မှုဖြစ်ပွားရာ ကလေး ခြောက်ဦးအပါအဝင် ၂၉ ဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်က မတ် ၃၀ ရက်တွင် ပြောသည်။**

အဆိုပါ ကူးတို့ရေယာဉ်မှာ ဂျိုလိုမြို့သို့ ဦးတည် ခုတ်မောင်းခဲ့ခြင်းဖြစ်ပြီး ခရီးသည်နှင့် ကုန်ပစ္စည်းများကို တင်ဆောင်ခဲ့သည့် ရေယာဉ်ဖြစ်သည်။ အဆိုပါရေယာဉ်သည် ဘာလုပ်ဘာလုပ်ကျွန်းရေပြင်၌ ည ၁၀ နာရီဝန်းကျင်က မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု မင်ဒါနာအိုခရိုင် ကမ်းခြေစောင့်တပ်မှ ရေတပ် ဗိုလ်မှူးချုပ် အန်တိုနီယို ဂီနက်စ်က ပြောသည်။

ပင်လယ်ထဲသို့ ခုန်ချခဲ့သည့် ခုနစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဘက်စလင်းပြည်နယ် သဘာဝဘေးလျော့ချရေးနှင့် စီမံခန့်ခွဲမှုရုံးမှ အကြီးအကဲဖြစ်သူ နီဇွန်အလိုဇွန်က ပြောသည်။ ကူးတို့ရေယာဉ်သည် အမှုထမ်း ၃၅ ဦးနှင့် ခရီးသည် ၁၉၅ ဦးကို ကယ်တင်နိုင်ခဲ့သည်ဟု သိရသည်။

ကယ်ဆယ်ရေးသမားများက ရေယာဉ်ပေါ်၌ သေဆုံးသူလေးဦးတွေ့ရှိခဲ့ပြီး ပင်လယ်ပြင်မှသေဆုံးသူ ခြောက်ဦးကို တွေ့ရှိခဲ့သည်။ ခရီးသည်များမှာ ရေပြင်သို့ ခုန်ဆင်းစဉ် ရေနစ်သေဆုံးကြခြင်းဖြစ်သည်။ အချို့မှာ မီးလောင်ဒဏ်ရာများရရှိထားကြသည်ဟု ၎င်းကဆက်ပြောသည်။

မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ရေယာဉ်ပေါ်ရှိ အခန်းအတွင်း လေအေးပေးစက်မှ စတင်မီးလောင်ခြင်းဖြစ်သည်ဟု ကနဦး သိရသည်။




မီးလောင်နေသည့် ရေယာဉ်အား မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

မီးလောင်မှုဖြစ်ပွားချိန်တွင် ခရီးသည်အချို့မှာ အိပ်စက်နေကြသည့် အချိန်လည်းဖြစ်သည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကမ်းခြေစောင့်တပ်များကို တပ်ဖြန့်ချထားသည်ဟု သိရသည်။

ဆင်ဟွာ

# ၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ဆန်ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်

ဆိုးလ် မတ် ၃၀

ဓာတ်မြေဩဇာ ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြီးခဲ့သည့်နှစ်က တောင်ကိုရီးယားနိုင်ငံ၏ ဆန်ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာကြောင်း မတ် ၃၀ ရက် စာရင်းအင်းရုံးအချက်အလက်များအရ သိရသည်။



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဈေးကြီးတစ်ခုတွင် ဆန်အိတ်များကို တွေ့ရစဉ်။

လယ်သမားများသည် ၂၀၂၂ ခုနှစ်က စပါး ၂၀ ကီလိုဂရမ် စိုက်ပျိုးရန် ၃၁၆၃၁ ဝမ် (အမေရိကန်ဒေါ်လာ၂၄ ဒေါ်လာ) သုံးစွဲခဲ့ရာ ယခင်နှစ်ကထက် ၉ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ကိုရီးယား စာရင်းဇယားများအရ သိရသည်။

ပြီးခဲ့သည့်နှစ်က စပါး ထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ၁၀၀၀ စတုရန်းမီတာနှုန်းလျှင် ၈၅၄၄၆၁ ဝမ် (၆၅၈ ဒေါ်လာ) ရှိခဲ့သည်။ မြင့်မားလာသော ကမ္ဘာ့ကုန်စည်ဈေးနှုန်းများ၏ နောက်ကွယ်တွင် ၇၁ ဒသမ ၁၄ ရာခိုင်နှုန်းအထိ တစ်ဟုန်ထိုး မြင့်မားခဲ့သည့် ဓာတ်မြေဩဇာဈေးနှုန်းများ သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။ **ဆင်ဟွာ**

# အီကွေဒေါနိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ ၁၃ ဦးအထိရှိလာ

**ကွီတို မတ် ၃၀**

အီကွေဒေါနိုင်ငံအလယ်ပိုင်းချင်ဘိုရာဇိုပြည်နယ်၌ ပြီးခဲ့သည့် တနင်္ဂနွေနေ့က မြေပြိုမှုဖြစ်ပွားရာ သေဆုံးသူစုစုပေါင်း ၁၃ ဦးအထိ မြင့်တက်လာကြောင်း ရှေ့နေချုပ်ရုံးက မတ် ၂၉ ရက်တွင် ပြောကြားသည်။

မြေပြိုမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကြားတွင် သေဆုံးသူတစ်ဦးကို ထပ်မံတွေ့ရှိခဲ့ရာ သေဆုံးသူပေါင်း ၁၃ ဦးရှိပြီဖြစ်ကြောင်း အေဂျင်စီက တွစ်တာမှ တစ်ဆင့်ပြောကြားသည်။ မြေပြိုမှုကြောင့် နေအိမ် ၅၀ ထက်မနည်း နစ်မြုပ်ခဲ့ပြီး အလက်စီဒေသ၏ အင်ဒီရန်ကျေးလက်ဒေသတွင် ၂၄ ဒသမ ၃ ဟက်တာကျော် ပျက်စီးခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အတွင်းရေးမှူးရုံးမှ ထုတ်ပြန်ထားသည်။ ကယ်ဆယ်ရေးသမားများ၊ တပ်မတော်သားများနှင့် ဒေသခံများက ပျောက်ဆုံးနေသူ ၆၇ ဦးကို အရှိန်မြှင့်ရှာဖွေနေကြောင်း သိရသည်။




အီကွေဒေါနိုင်ငံ၌ မြေပြိုမှုဖြစ်ပွားမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်။

မြေပြိုမှုကြောင့် စုစုပေါင်း ၃၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ၃၂ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ လူပေါင်း ၅၀၀ ကျော်နှင့် အိမ်ခြေ ၁၆၃ လုံး ထိခိုက်ခဲ့ရကြောင်း မတ် ၂၈ ရက်ညက ထုတ်ပြန်သည့် နောက်ဆုံးအစီရင်ခံစာအရ သိရသည်။ ဆင်ဟွာ

# အီရန်နိုင်ငံမှ အာဖဂန်နစ္စတန်ဒုက္ခသည် ၄၃၀၀ ကျော် ၎င်းတို့ နေရပ်သို့ပြန်

ကဘူးလ် မတ် ၃၀

ပြီးခဲ့သည့်နှစ်ရက်အတွင်း အိမ်နီးချင်းအီရန်နိုင်ငံသို့ ရောက်ရှိနေသော အာဖဂန်နစ္စတန်မှ ဒုက္ခသည် ၄၃၂၇ ဦးမှာ နေရပ်သို့ ပြန်သွားသည်ဟု ဒုက္ခသည်များ နေရပ်ပြန်ပို့ရေးဆိုင်ရာကိစ္စရပ်များ ဝန်ကြီးဌာနက မတ် ၃၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဒုက္ခသည်များနေရပ်ပြန်ပို့ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု ကြေညာချက်အရ သိရသည်။ ပြီးခဲ့သည့်ခြောက်လအတွင်း အီရန်နိုင်ငံသို့ ရောက်ရှိနေသည့် အာဖဂန်နစ္စတန်မှ ဒုက္ခသည်ပေါင်း ၃၀၀၀၀၀ ဝန်းကျင်မှာ နေရပ်ပြန်သွားကြပြီဖြစ်ကြောင်း သိရသည်။ အီရန်နိုင်ငံ၌ နေထိုင်နေသည့် အာဖဂန်နစ္စတန်မှ ဒုက္ခသည်ပေါင်း ၂ ဒသမ ၅ သန်းရှိပြီး ပါကစ္စတန်တွင်လည်း အာဖဂန်ဒုက္ခသည်ပေါင်း ၂ ဒသမ ၅ သန်းဝန်းကျင် နေထိုင်နေကြသည်ဟု သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံသို့ ပြည်ပမှ ခရီးသွားဝင်ရောက်မှု ကပ်ရောဂါမတိုင်မီကာလ၏ ၆၀ ရာခိုင်နှုန်းသို့ရောက်ရှိ

ဟန္နိုင်း မတ် ၃၀

ယခုနှစ်ပထမသုံးလအတွင်း ဗီယက်နမ်နိုင်ငံသို့ ပြည်ပမှ ခရီးသွားဝင်ရောက်မှုမှာ ၂ ဒသမ ၆၉ သန်းရှိပြီး ၂၀၂၂ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် အဆ ၃၀ တိုးလာခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့်နှစ် မတ်လလယ်မှစတင်ကာ နိုင်ငံခြားခရီးသွားဝင်ရောက်မှုကို အပြည့်အဝပြန်လည်ခွင့်ပြုပေးခဲ့သည်။

ဗီယက်နမ်နိုင်ငံသို့လေကြောင်းမှ ဝင်ရောက်သည့်ခရီးသည်မှာ ၈၉ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ကုန်းလမ်းမှ ဝင်ရောက်သည့်နှုန်းမှာ ၉ ရာခိုင်နှုန်းရှိသည်။ ပင်လယ်ရေကြောင်းမှ ဝင်ရောက်သည့်နှုန်းမှာ ၁ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ဟု အထွေထွေစာရင်းအင်းရုံး၏ ပြောကြားချက်အရ သိရသည်။ ခရီးသည်အများစုမှာ အာရှမှလာရောက်ကြသူများဖြစ်ပြီး ၇၂ ရာခိုင်နှုန်းရှိသည်။ ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ပြန်လည်တိုးတက်လာပြီး ကပ်ရောဂါမတိုင်မီကာလ၏ ၆၀ ရာခိုင်နှုန်းသို့ ပြန်ရောက်လာသည်ဟု သိရသည်။

၂၀၁၉ ခုနှစ် ပထမသုံးလအတွင်း ဗီယက်နမ်နိုင်ငံသို့ လာရောက်သည့်နိုင်ငံခြားခရီးသွားမှာ ၄ ဒသမ ၅ သန်းရှိပြီး အပြည်ပြည်ဆိုင်ရာမှ ခရီးသွားပေါင်း ၁၈သန်းကိုဆွဲဆောင်နိုင်ခဲ့ကာ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၂ ဘီလီယံကျော် ဝင်ငွေရရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ခရီးသွား ရှစ်သန်းကို ဆွဲဆောင်နိုင်ပြီး ဝင်ငွေ ၂၇ ဘီလီယံကျော်ရရှိရန် မျှော်လင့်ထားသည်။ **ဆင်ဟွာ**

# ယခုနှစ်အစောပိုင်းမှစကာ ဇင်ဘာဘွေရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး ရောင်းဝယ်သည်ဟု သံသယရှိသူ ၄၃၀၀ ကို ဖမ်းဆီး

ဟာရာရီ မတ် ၃၀

ဇင်ဘာဘွေနိုင်ငံရဲတပ်ဖွဲ့သည် ယခုနှစ်အစောပိုင်းက မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတိုက်ဖျက်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးရောင်းဝယ်သည်ဟု သံသယရှိသူ ၄၃၀၀ ကျော်ကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အကြီးမားဆုံးဖမ်းဆီးမှုများထဲမှ တစ်ခုမှာ အမေရိကန်ဒေါ်လာ ၃၂၀၀၀၀ ခန့် တန်ဖိုးရှိသည့် မက်အဖက်တမင်း ၂၁ ကီလိုဂရမ်နှင့် ကိုကင်း ၁ ကီလိုဂရမ်ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ခိုးသွင်းရန် ကြိုးပမ်းနေစဉ် ရိုဘာ့ဂါရီရယ်မူဂါဘီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးအား မတ် ၂၇ ရက်က ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မူးယစ်ဆေးဝါးနှင့် အခြားမှောင်ခိုပစ္စည်းများကို နိုင်ငံအတွင်းသို့မဟုတ် ပြည်ပသို့ ခိုးသွင်းရန် ကြိုးပမ်းစဉ် နိုင်ငံ၏အကြီးဆုံးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လူအများအပြားဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။ ရဲတပ်ဖွဲ့သည် ၂၀၂၃ ခုနှစ် မတ် ၂၈ ရက်က “အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများနှင့် တရားမဝင်သောပစ္စည်းများမသုံးရ” ဟူသော စစ်ဆင်ရေးတွင် လူ ၃၄ ဦးကို ဖမ်းဆီးခဲ့ရာ ဖမ်းဆီးခံရသူပေါင်း ၄၃၇၈ ဦးရှိပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က တွစ်တာပေါ်တွင် ပြောကြားသည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

## ဓာတ်ခွဲအတည်ပြုလူနာများ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၂၀ ဦးရှိ

(၁၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၇၃,၉၃၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၇၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၅၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၅၅ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၃၀ | ၂၈၁၀ |
| 95 Ron | ၂၂၀၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၀ | ၂၂၅၀ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၅ | ၂၃၃၀ | ၂၃၅၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၁၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၆၀ | ၂၃၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၇၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၇၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၂ | ၂၀၇၅ |
| 95 Ron | ၂၀၉၀ | ၂၁၆၆ |
| HSD (500 ppm) | ၁၉၆၈ | ၂၀၃၇ |
| HSD (50 ppm) | ၂၀၄၂ | ၂၁၁၂ |
| HSD (10 ppm) | ၂၀၄၂ | ၂၁၁၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တရုတ်နိုင်ငံ ဂန်ဆူးပြည်နယ် ကုန်စည်ပြပွဲ၌ မြန်မာလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်မည်

**ရန်ကုန် မတ် ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂန်ဆူးပြည်နယ် Lanzhou မြို့၌ (၂၉) ကြိမ်မြောက် China Lanzhou Investment and Trade Fair ကုန်စည်ပြပွဲကို ဇူလိုင် ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယင်းကုန်စည်ပြပွဲသည် မြန်မာနိုင်ငံနှင့် ဂန်ဆူးပြည်နယ်တို့အကြား ချစ်ကြည်ရင်းနှီးမှုများ ဖလှယ်ခြင်းနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အားပေးမြှင့်တင်ရန်ဖြစ်သည့်အတွက် ဖိုရမ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ်များနှင့် ကွန်ဖရင့်များကို ကျင်းပမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များသာမက တရုတ်နိုင်ငံ၌ လာရောက်၍ စီးပွားရေးလုပ်ကိုင်နေသော မြန်မာလုပ်ငန်းရှင်များလည်း ပါဝင်ပြသနိုင်ပြီး မြန်မာပြခန်းဆောင် ခင်းကျင်းပြသမည်ဆိုပါက မြန်မာလုပ်ငန်းရှင်များအတွက် တည်းခိုနေထိုင်ရေးစရိတ် မပါဝင်သည့် အကျယ် ၃၀ စတုရန်းမီတာရှိသော ပြခန်းတစ်ခုကို (အခမဲ့) ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် ပြပွဲသို့ အစိုးရပိုင်းမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဆိုပါက Lanzhou မြို့၌ နေထိုင်စဉ်အတွင်း သွားလာရေးနှင့် တည်းခိုနေထိုင်နိုင်ရေးအတွက် နှစ်ညအိပ် သုံးရက်စာအတွက် အခန်းနှစ်ခန်းကို ပြပွဲစီစဉ်သူက စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုရိုး**

## ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် မတ် ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် မဲခေါင်သိပ္ပံက Zoom အက်ပလီကေးရှင်းဖြင့် ပြုလုပ်သည့် “Advancing Sustainable Development in the Lancang–Mekong Region through Global Development Initiative”နှင့်စပ်လျဉ်း သည့် ဆွေးနွေးပွဲကို မတ် ၂၈ ရက်က အွန်လိုင်းမှ တစ်ဆင့် ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မဲခေါင်– လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်စုစုပေါင်း ၅၁ ဦး ပါဝင်တက်ရောက်ခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး ပါဝင်တက်ရောက်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှု (Global Development Initia–tive– GDI) ကို ပိုမိုကောင်းမွန်စွာ နားလည်စေရန်အတွက် အကြံဉာဏ်များ ဖလှယ်ကြရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် GDI နှင့် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Lancang–Mekong Cooperation – LMC) လုပ်ငန်းစီမံချက်များ ပေါင်းစပ်ညှိနှိုင်းခြင်းဆိုင်ရာ မဟာဗျူဟာများ၊ ကြားဝင်စေ့စပ်မှုများနှင့် ချဉ်းကပ်မှုများကို ဖော်ထုတ်လေ့လာကြရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မဲခေါင်သိပ္ပံမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး Mr.Suriyan Vich–itlekarn နှင့် UNESCAP ၏ တရုတ်နိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် မဲခေါင်သိပ္ပံကြီးကြပ်မှုကော်မတီအဖွဲ့ဝင်ဖြစ်သူ Mr.Ke Yousheng တို့က အမှာစကားပြောကြားပြီး အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပရာ ပထမပိုင်းတွင် GDI အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုများ၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်များကို အမေးအဖြေ ကဏ္ဍများဖြင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ဒုတိယပိုင်းတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြရာ မဲခေါင်–လန်ချန်း ဒေသအတွင်း ဆင်းရဲမှုလျှော့ချရေး၊ အစားအစာလုံခြုံရေး၊ ကျန်းမာရေး၊ ကာဗွန်လျှော့ချရေးနှင့် အီလက်ထရွန်နစ်ကုန်သွယ်ရေး စသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်များအပေါ် အမေးအဖြေကဏ္ဍများဖြင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ကိုရိုး**

## တရုတ်ရေချိုငါးအမျိုးမျိုး မြန်မာနိုင်ငံသို့ တင်ပို့

**ရန်ကုန် မတ် ၃၀**

မကြာသေးမီက တရုတ်နိုင်ငံ စစ်ဆောင်ပန္နာနယ်မြေရှိ လုပ်ငန်းတစ်ခုမှ မွေးမြူထားသည့် မြက်ငါးကြင်း၊ တီလားပီးယားနှင့် ငွေငါးကြင်း များကို သီးသန့်စစ်ဆေးခြင်းမှ အောင်မြင်ခဲ့ပြီး နန်ဆန်ဆိပ်ကမ်းမှ တစ်ဆင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

စစ်ဆောင်ပန္နာနယ်မြေမှ ပထမဆုံးအရည်အချင်းပြည့်မီ စစ်ဆေးအောင်မြင်သော မွေးမြူရေးရေထွက်ကုန်လုပ်ငန်းကုမ္ပဏီမှ ပုံမှန်ကုန်သွယ်နည်းဖြင့် တင်ပို့ခြင်းဖြစ်ပြီး ငါးတန်ချိန် စုစုပေါင်း ၂ ဒသမ ၇ တန်ရှိကာ တန်ဖိုးငွေ ယွမ် ၄၇၁၀၀ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံမှ တင်ပို့သည့် အလတ်စားငါး လိုအပ်ချက် အများအပြား ရှိနေကြောင်းနှင့် အဆိုပါမွေးမြူရေး ကုမ္ပဏီမှ ယခုနှစ်တွင် မွေးမြူရေးလုပ်ငန်းအတွက် ငါးသားပေါက် တန် ၁၀၀ ကျော် တင်ပို့ရန်လည်း မျှော်မှန်းထားကြောင်း တရုတ်ကုန်သည်များထံမှ သိရသည်။

**ကိုရိုး**

## အိန္ဒိယ၌ အချိန်အခါမဟုတ်မိုးကြောင့် သီးနှံများ ပျက်စီးပြီး ဈေးနှုန်း မြင့်တက်လာနိုင်

**နယူးဒေလီ မတ် ၃၀**

အိန္ဒိယနိုင်ငံ၌ အချိန်အခါမဟုတ် ရွာသွန်းသည့်မိုးကြောင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ဂျုံ၊ ဇီရာစေ့၊ ကုလားပဲ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စသည့် အခြေခံလိုအပ်သည့် နေ့စဉ်သုံးကုန်စည်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း၊ တောင်သူများအနေဖြင့်လည်း ပုပ်သိုးလွယ်သည့် ၎င်းတို့၏ ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် အမြတ်အစွန်းရရှိမှု လျော့နည်းလာနိုင်ကြောင်း Economic Times သတင်းဌာနက ဖော်ပြထားသည်။

ပြီးခဲ့သည့် တစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂျုံ၊ မုန်ညင်း၊ ကုလားပဲ ကဲ့သို့သော ရိတ်သိမ်းရန်အသင့် ဖြစ်နေသည့် ကောက်ပဲသီးနှံများ၊ သရက်၊ ဖရဲ၊ သခွား၊ ငှက်ပျော စသည့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ရာဂျစ်စတန်ပြည်နယ်တွင် ရိတ်သိမ်းရန်အသင့်ဖြစ်နေသော ဇီရာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြီးခဲ့သည့် သုံးရက်၊ လေးရက်တာကာလအတွင်း ဇီရာဈေးနှုန်းများ ခြောက်ရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုသတင်းကြောင့် ဂျုံဈေးနှုန်းမှာ တနင်္လာနေ့က လေးရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုကို ဂျုံစိုက်ပျိုးထုတ်လုပ်သူများက အဓိကခံစားခဲ့ရပြီး ၎င်းတို့၏ နှစ်ပတ်မှ တစ်လအတွင်း ရိတ်သိမ်းရန်အသင့်ဖြစ်မည့် ဂျုံများအားလုံးနီးပါး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့အပြင် မိုးရွာသွန်းမှုကြောင့် ဂျုံအစေ့အဆန်များ၏ အရောင်၊ တောက်ပမှု၊ အရွယ်အစားနှင့် ကစီဓာတ်တို့ကိုလည်း ထိခိုက်ပျက်စီးနိုင်သဖြင့် တောင်သူများအနေဖြင့် ဈေးကွက်ပေါက်ဈေးရရှိရန် ခက်ခဲနိုင်မည်ဖြစ်ကြောင်း၊ ဂျုံစိုက်ပျိုးထွက်ရှိသည့် ပြည်နယ်အများစုတွင် မိုးရွာသွန်းမှုကြောင့် ဂျုံထွက်ရှိမှုမှာလည်း သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း Economic Times သတင်းဌာနက ခန့်မှန်းထားသည်။

သို့ဖြစ်၍ အိန္ဒိယနိုင်ငံမှ ဂျုံတင်သွင်းနေသူ မြန်မာကုန်သည်များအနေဖြင့် ဈေးကွက်အခြေအနေကို စောင့်ကြည့်ပြီး အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာမည့် အခြားနိုင်ငံဈေးကွက်များကိုလည်း ကြိုတင်လေ့လာ ချိတ်ဆက်ဆောင်ရွက်သင့်ကြောင်း နယူးဒေလီမြို့ရှိ မြန်မာ့စီးပွားရေးသံမှူးက သတင်းစုစည်း၍ သုံးသပ်တင်ပြထားသည်။



## တစ်ပတ်အတွင်းကုန်စည်ဈေးကွက်

**ရန်ကုန် မတ် ၃၀**

မတ် ၂၃ ရက်မှ ၂၉ ရက်အတွင်း ရန်ကုန်ဘုရင့်နောင် ကုန်စည်ဈေးကွက်တွင် စားအုန်းဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲတီစိမ်းခရမ်းရွှေဝါ(ထိပ်စ) ဈေးကျပြီး ဆန်ဈေး တက်လာသည်။

**ဆန်**

မတ် ၂၉ ရက် ရန်ကုန်ဆန်ဈေးကွက်တွင် နှံသီးထပ်ဆန်ကြမ်း တစ်အိတ်ကျပ် ၅၅၀၀၀ ၊ နှံ ရက် ၉၀ ဆန်ကြမ်းတစ်အိတ် ကျပ် ၅၈၀၀၀/ ၆၁၀၀၀၊ မိုး ရက် ၉၀ ဆန်ကြမ်းတစ်အိတ်ကျပ် ၆၅၀၀၀/ ၆၇၀၀၀၊ ပေါ်ကျွဲဆန်သစ်တစ်အိတ်ကျပ် ၆၅၀၀၀ နှုန်းရှိသည်။ ပေါ်ဆန်းဆန်သစ်တစ်အိတ်ဈေးနှုန်းများမှာ ဘိုကလေး ကျပ် ၇၁၀၀၀ ၊ ဖျာပုံ ကျပ် ၇၄၀၀၀၊ မြောင်းမြကျပ် ၇၆၀၀၀ ၊ ရွှေဘိုကျပ် ၉၀၀၀၀နှုန်းရှိသည်။

**စားအုန်းဆီ**

မတ် ၂၈ ရက်မှ ဧပြီ ၂ ရက်အထိ ရန်ကုန်အထိုင် ရည်ညွှန်းလက်ကားဈေးမှာ စားအုန်းဆီတစ်ပိဿာလျှင်ကျပ် ၄၄၄၀ ဖြစ်ရာ ယခင်အပတ်ထက် တစ်ပိဿာ ရည်ညွှန်းလက်ကားဈေးကျပ် ၁၃၀ ကျဆင်းလာသည်။ သင်္ကြန်ပိတ်ရက်ရှည်မတိုင်မီ ပြည်တွင်းသို့ စားအုန်းဆီဝင်ရောက်မှု တန်ချိန်သုံးသောင်းဝန်းကျင်ရှိနိုင်ပြီး ပြည်ပစားအုန်းဆီတစ်တန် ဈေးမှာ(ရန်ကုန်ဆိပ်ကမ်းအရောက် CIF ဈေး)၁၀၀၈ ဒေါ်လာနှုန်းသာရှိသည်။ မတ် ၂၉ ရက် ရန်ကုန်ဈေးကွက်တွင် စားအုန်းဆီလက်ငင်း အလှယ်ပီပါဈေးမှာ တစ်ပိဿာကျပ် ၆၅၃၀ နှုန်းသာရှိသည်။

**ပဲအမျိုးမျိုး**

မတ် ၂၉ ရက် ရန်ကုန် ပဲဈေးကွက်တွင် မတ်ပဲ (RC) တစ်တန်ကျပ် ၂၀၆၀၀၀၀ ၊ (SQ/RC) တစ်တန်ကျပ် ၂၃၂၅၀၀၀၊ ပဲစင်းငုံနီ တစ်တန်ကျပ် ၂၃၇၇၅၀၀ ၊ ပဲတီစိမ်းခရမ်းရွှေဝါ(ထိပ်စ)တစ်ပိဿာကျပ် ၃၇၅၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၄၆၀၀–၄၈၀၀ နှုန်း ရှိသည်။

**ကြက်သွန်နီ**

မတ် ၂၈ ရက်နှင့်၂၉ ရက် နှစ်ရက်တွင် ရန်ကုန်သို့ နယ်စုံကြက်သွန်နီ ပိဿာချိန် ၅၇၀၀၀၀ ဝင်ရောက်လာသည်။

အလုံးသေး၊ လတ်ချောသည် ပုံမှန်ဈေးနှုန်းအနည်းဆုံးရှိရာမှ မတ် ၂၉ ရက်တွင် ပုံမှန်ဈေးအမြင့်ဆုံးဖြစ်သော အလုံးကြီးရှယ်ထက် ဈေးမြင့်လာသည်ကို မုံရွာနယ်ကြက်သွန်နီတွင် ကြုံတွေ့ရသည်။

ယင်းနေ့တွင် ဆိပ်ဖြူ(ပင်လေး)လက်ကားတစ်ပိဿာ လတ်ချော ကျပ် ၁၀၀၀၊ ရှယ်ကျပ် ၁၀၅၀၊ မြစ်သားလတ်ချောကျပ် ၁၅၀၀၊ ရှယ်စကျပ် ၁၉၀၀ ၊ မုံရွာလတ်ချောကျပ် ၉၅၀ ၊ ရှယ်ကျပ် ၈၀၀နှုန်းရှိသည်။

ပခုက္ကူနယ်ဈေးကွက်တွင် နယ်စုံမှ ကြက်သွန်နီအဝင် ပိဿာချိန် ၈၀၄၀၀ ရှိသော မတ်၂၉ ရက်က ယောစကြက်သွန်နီ အမြင့်ဆုံး တစ်ပိဿာဈေးကျပ် ၈၅၀ ၊ ပုလဲစ ကျပ် ၈၀၀ နှင့် မုံရွာ ကြက်သွန်နီ ကျပ် ၈၀၀ နှုန်းသာရှိသည်။

**ကြက်သွန်ဖြူ**

မတ်၂၉ ရက်တွင် ရှမ်းအောင်ပန်းကြက်သွန်ဖြူ လက်ကား တစ်ပိဿာ ဈေးများမှာ ထူး–၂ ကျပ် ၃၀၀၀၊ ထူး–၃ ကျပ် ၃၂၀၀ ၊ ထူး–၄ ကျပ် ၃၄၀၀ ၊ ထူး–၅ ကျပ် ၃၆၀၀ နှုန်း ရှိသည်။ ကြူကုတ်ကြက်သွန်ဖြူမှာ လက်ကားပိဿာကျပ် ၄၂၀၀ နှုန်းရှိသည်။

**အာလူး**

မတ် ၂၉ ရက် ရန်ကုန်အာလူးဈေးကွက်၌ ရှမ်းအောင်ပန်းအာလူး A1 ကျပ် ၁၃၀၀၊ OK ကျပ် ၁၆၀၀၊ S1 ကျပ် ၁၈၀၀ ၊ S2 ကျပ် ၁၃၀၀ နှုန်းရှိသည်။ ဗန်းမော်အာလူးနှင့် ဘန့်ဘွေးအာလူးလက်ကားတစ်ပိဿာ ကျပ် ၁၈၀၀နှုန်းစီရှိသည်။

**ငရုတ်**

မတ် ၂၉ ရက် ရန်ကုန်ငရုတ်ဈေးကွက်သို့ မြစ်ဝကျွန်းပေါ် ငရုတ်ရှည်အသစ်(ပန်းတနော်) လက်ကားတစ်ပိဿာ ကျပ်တစ်သောင်းနှုန်းဖြင့် စတင်ဝင်ရောက်လာသည်။ ပန်းရဲငရုတ်ရှည် တစ်ပိဿာကျပ် ၁၁၀၀၀၊ မြားနီကျပ် ၁၀၅၀၀ ၊ မိုးထောင်(ပျော်ဘွယ်)ကျပ် ၁၁၅၀၀/၁၂၀၀၀၊ မြစ်ဝ မိုးထောင်ကျပ် ၁၁၀၀၀/ ၁၂၀၀၀ ၊ မြစ်ဝငရုတ်ပွ ကျပ် ၁၃၀၀၀/ ၁၃၅၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွ ကျပ် ၁၂၀၀၀/၁၂၅၀၀၊ ဗီယက်နမ် ငရုတ်ရှည်အတောင့်ကြီးကျပ် ၁၃၅၀၀/၁၄၀၀၀ နှုန်း ရှိသည်။ **အောင်ခင်နိုင်**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ

ကိုဌေး (ကနောင်)

**၁၉၅၉ ခုနှစ် ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့သည့် ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးမှသည် (၁၉၇၇ ခုနှစ်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သည်။ ) ယခု ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့်ပြိုင်ပွဲဆိုလျှင် (၃၂)ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ ၁၉၆၃ ခုနှစ် (ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း တောင်မြောက်စစ်ပွဲများကြောင့် မကျင်းပဖြစ်ခဲ့ပါ) မှလွဲ၍ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများမှ ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် အလှည့်ကျလက်ခံကျင်းပခဲ့ပြီး မြန်မာနိုင်ငံသည်ပင်လျှင် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲ၊ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် သုံးကြိမ်တိုင်တိုင် အောင်အောင်မြင်မြင်လက်ခံကျင်းပခဲ့ပြီးဖြစ်ပါသည်။**

ကျင်းပပြီးစီးခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ဗီယက်နမ်နိုင်ငံ၌ ၂၀၂၁ ခုနှစ်အတွင်း ကျင်းပရန် ဖြစ်သော်လည်း ဗီယက်နမ်နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ပြိုင်ပွဲရက်ကို ၂၀၂၂ ခုနှစ် မေလအတွင်း ပြောင်းရွှေ့ကျင်းပခဲ့ရသည်။ ထိုကဲ့သို့သော အခြေအနေအရ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ တစ်နှစ်ခန့်သာခြား၍ ကျင်းပခဲ့ရခြင်းဖြစ်သည်။

### (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ အောင်မြင်မှုအခြေအနေ

ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၈ နည်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံတော်အတွက် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု စုစုပေါင်း ဆုတံဆိပ် ၆၂ ခု ရယူပေးနိုင်ခဲ့ပြီး နိုင်ငံအလိုက် ရပ်တည်မှုအနေဖြင့်လည်း အဆင့် ခုနစ်နေရာတွင်ပင် ရပ်တည်နိုင်ခဲ့သည်။

### (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိကျင်းပမည့် ပြိုင်ပွဲကြီးတွင် အိမ်ရှင်နိုင်ငံအနေဖြင့် အားကစားနည်း ၃၆ နည်း ထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၁၉ နည်းကိုသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ ဗိုဗီနမ် (အားနစ်၊ Kun Bokator အပါအဝင်)၊ ပိုက်ကျော်ခြင်း (ခြင်းလုံး အပါအဝင်)၊ ဘိလိယက်/စနူကာ၊ ဝူရှူး၊ ရိုးရာလှေ၊ ပီတန်း၊ ဂျူဒို၊ Kun Khmer (ရိုးရာလက်ဝှေ့)၊ စစ်တုရင်၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ကြက်တောင်၊ E-Sports၊ ဘောလုံး(ကျား/မ)၊ ဘော်လီဘော(ကျား/မ)၊ အလေးမ၊ ခရစ်ကတ်၊ တင်းနစ် အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

### ပြိုင်ပွဲကျင်းပမည့်မြို့များ

ပြိုင်ပွဲများကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌သာ အားကစားနည်းအများစု ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ၁၉ နည်းအနက် ဖနောင်ပင်မြို့တွင် ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘိလိယက်နှင့်စနူကာ၊ လက်ဝှေ့၊ စစ်တုရင်၊ ခရစ်ကတ်၊ E-Sports ၊ ဘောလုံး၊ ဂျူဒို၊ ဗိုဗီနမ် (အားနစ်နှင့် Kun Bokator အပါအဝင်)၊ ပီတန်း၊ ပိုက်ကျော်ခြင်း(ခြင်းလုံး အပါအဝင်)၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ Kun Khmer (ရိုးရာလက်ဝှေ့) စသည့် အားကစားနည်း ၁၇ နည်း ကျင်းပမည်ဖြစ်သည်။ ကမ်ပိုမြို့၌ ရိုးရာလှေအားကစားနည်းနှင့် ဆီရမ်ရီမြို့၌ ပြေးခုန်ပစ်အားကစားနည်းမှ (မာရသွန်နှင့် ၂၀ ကီလိုမီတာလမ်းလျှောက်) Events တို့ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဟန္နိုင်းမြို့ရှိ Soc Son အားကစားရုံ၌ ကျင်းပရာ ဗိုဗီနမ်အားကစားနည်းမှ မြန်မာနိုင်ငံကိုယ်စားပြု အားကစားအဖွဲ့က ကိုးခုမြောက် ရွှေတံဆိပ်ကို ရယူပေးစဉ်။ (၂၀၂၂ ခုနှစ် မေ ၂၂ ရက်)

### ပြိုင်ပွဲအောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်ဆောင်ရွက်မှု

ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်မှုကို ၂၀၂၂ ခုနှစ် ဇူလိုင်လမှ စတင်၍ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) တွင် ပြေးခုန်ပစ်၊ ဘိလိယက်နှင့်စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ပီတန်း၊ ပိုက်ကျော်ခြင်း (ခြင်းလုံး အပါအဝင်)၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ် (အားနစ်နှင့် Kun Bokator အပါအဝင်) အလေးမ၊ ဝူရှူးအားကစားနည်းများမှ အုပ်ချုပ်/နည်းပြ ၇၃ ဦး၊ အားကစားသမား(ကျား) ၁၇၇ ဦး၊ (မ) ၁၂၆ ဦး ပေါင်း ၃၀၃ ဦး၊ ပူးတွဲလေ့ကျင့်သည့် အားကစားသမား ၁၇ ဦး အပါအဝင် စုစုပေါင်း ၃၉၃ ဦးဖြင့် ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ် အသီးသီးတွင်လည်း ၂၀၂၂ ခုနှစ် မတ်နှင့် ဇူလိုင်တို့မှ စတင်၍ ဘိလိယက်၊ ဘောလုံး(အမျိုးသမီး)၊ ရိုးရာလက်ဝှေ့ (Kun Khmer)၊ တင်းနစ်၊ ရိုးရာလှေ၊ ခရစ်ကတ် အားကစားနည်းများကိုလည်း အုပ်ချုပ်/နည်းပြ ၂၃ ဦး၊ ကစားသမား(ကျား) ၄၆ ဦး၊ (မ) ၆၉ ဦး ပေါင်း ၁၃၈ ဦး၊ ပူးတွဲလေ့ကျင့်သည့် အုပ်ချုပ်/နည်းပြ နှစ်ဦး၊ ကစားသမားတစ်ဦး အပါအဝင် စုစုပေါင်း ၁၄၁ ဦးဖြင့် ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

### နိုင်ငံခြားသားနည်းပြ ငှားရမ်းလေ့ကျင့်မှု

ပြိုင်ပွဲအောင်မြင်မှုရရှိရေးအတွက် အားကစားနည်းအလိုက် အောင်မြင်နေသည့် နိုင်ငံများမှ နိုင်ငံခြားသားနည်းပြများအား ငှားရမ်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ ငှားရမ်းလေ့ကျင့်ခဲ့သည့် အားကစားနည်းများမှာ တိုက်ကွမ်ဒိုအားကစားနည်းအတွက် ကိုရီးယားနိုင်ငံက လည်းကောင်း၊ ဂျူဒိုအားကစားနည်းအတွက် ဂျပန်နိုင်ငံမှလည်းကောင်း၊ အားနစ် အားကစားနည်းအတွက် ဖိလစ်ပိုင်နိုင်ငံက လည်းကောင်း၊ Kun Bokator အားကစားနည်းအတွက် ကမ္ဘောဒီးယားနိုင်ငံကလည်းကောင်း ငှားရမ်းလေ့ကျင့်ခဲ့ကြသည်။ အားကစားနည်းအလိုက် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ SEA Games ပြိုင်ပွဲပြီးဆုံးချိန်အထိ ငှားရမ်းလေ့ကျင့်ကြခြင်း ဖြစ်သည်။

### ပြည်ပနိုင်ငံများသို့ ပူးတွဲလေ့ကျင့်ရန် စေလွှတ်ဆောင်ရွက်မှု

ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက် တွင် ဘော်လီဘောအားကစားအဖွဲ့ ၃၈ ဦး၊ နိုဝင်ဘာ ၁၆ ရက်တွင် ဝူရှူးအားကစားအဖွဲ့ ၁၇ ဦး၊ နိုဝင်ဘာ ၂၈ ရက်တွင် ပြေးခုန်ပစ်နှင့် လက်ဝှေ့ အားကစားအဖွဲ့ ၄၆ ဦးတို့အား စေလွှတ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဘော်လီဘော အားကစားအဖွဲ့ ၃၈ ဦး၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် ဝူရှူး၊ ပြေးခုန်ပစ်၊ လက်ဝှေ့အားကစားအဖွဲ့ ၆၃ ဦးတို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

### ပြိုင်ပွဲအတွေ့အကြုံရရှိစေရေး ပြည်ပပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်မှု

နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းနှင့် ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ်အသီးသီးတွင် စခန်းသွင်းလေ့ကျင့်နေစဉ် ကာလအတွင်း ပြည်ပပြိုင်ပွဲအတွေ့အကြုံ ရရှိစေရေးအတွက်လည်း ဘိလိယက်နှင့်စနူကာ အားကစားနည်းအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ နှစ်ကြိမ်၊ ပီတန်း အားကစားနည်းအနေဖြင့် တစ်ကြိမ်၊ လှေလှော် အားကစားနည်းအနေဖြင့် တစ်ကြိမ်၊ ပြေးခုန်ပစ် အားကစားနည်းအနေဖြင့် တစ်ကြိမ်၊ တိုက်ကွမ်ဒို အားကစားနည်းအနေဖြင့် တစ်ကြိမ်၊ အားနစ် အားကစားနည်းအနေဖြင့် တစ်ကြိမ် သွားရောက်ယှဉ်ပြိုင်နိုင်ရေး စေလွှတ်ပေးခဲ့သည်။

### စခန်းသွင်းအားကစားသမားများအား အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးမှု

စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား နိုင်ငံတော်က သတ်မှတ်ခွင့်ပြုငွေ တစ်ရက် ၅၀၀၀ နှုန်းဖြင့် ကျွေးမွေးဆောင်ရွက်လျက်ရှိသည့်အပြင် အသုံးတူပစ္စည်းများဖြစ်သည့် Track Suit, T-Shirt, Sport Shirt, ဘောင်းဘီတို၊ Walking Shoes များ၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများနှင့် ပြိုင်ပွဲသုံးပစ္စည်းများကို ပြည့်ပြည့်ဝဝ ထောက်ပံ့ပေးထားသည်။ ထို့ပြင် အုပ်ချုပ်/နည်းပြနှင့် ကစားသမားများအား လစဉ်ထောက်ပံ့ကြေးအနေဖြင့်လည်း (A)အဆင့် တစ်ဦးလျှင် ကျပ်နှစ်သိန်း၊ (B) အဆင့်တစ်ဦးလျှင် ကျပ်တစ်သိန်းခွဲ၊ (C)အဆင့် တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ထားရှိသည်။

### ပြိုင်ပွဲတွင် ပေးအပ်ချီးမြှင့်မည့် ဆုတံဆိပ်များ

ကမ္ဘောဒီးယားနိုင်ငံက ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၆ နည်းအတွက် ရွှေတံဆိပ် ၅၈၀ ကျော်ပေးအပ်မည်ဖြစ်ကြောင်း သိရပြီး မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားနည်း ၁၉ နည်းအတွက် ရွှေတံဆိပ် ၃၃၀ ခန့် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေ ၅ ရက် မှ ၁၇ ရက်အထိကျင်းပမည့် ပြိုင်ပွဲကြီးတွင် အိမ်ရှင်နိုင်ငံအနေဖြင့် အားကစားနည်း ၃၆ နည်း ထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အဆင့်မီစွာပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၁၉ နည်းကိုသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ ဗိုဗီနမ် (အားနစ်၊ Kun Bokator အပါအဝင်)၊ ပိုက်ကျော်ခြင်း (ခြင်းလုံး အပါအဝင်)၊ ဘိလိယက်/စနူကာ၊ ဝူရှူး၊ ရိုးရာလှေ၊ ပီတန်း၊ ဂျူဒို၊ Kun Khmer (ရိုးရာလက်ဝှေ့)၊ စစ်တုရင်၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ကြက်တောင်၊ E-Sports ၊ ဘောလုံး(ကျား/မ)၊ ဘော်လီဘော (ကျား/မ)၊ အလေးမ၊ ခရစ်ကတ်၊ တင်းနစ် အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်**

*စာမျက်နှာ ၁၈ သို့*

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၀**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အလှူရှင်များဖြစ်ကြသော သီဟသုဓမ္မ မဏိဇောတဓရ၊ လူမှုထူးချွန် (ပထမအဆင့်) ဦးဘရန်မိုင်နှင့် ဇနီး ဒေါ်နန်းအေခန့် မိသားစုက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ၌ ရေပန်းအသေး (အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၈၀၅ သိန်းကိုလည်းကောင်း၊ သုဓမ္မ မဏိဇောတဓရ ဦးစိုးဝဏ္ဏနှင့် ဇနီး ဒေါ်ရှီကျူးဆန်း မိသားစုက ရေပန်းအသေး (အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၈၀၅ သိန်းကို လည်းကောင်း၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးဝေမောင်မောင်နှင့် ဇနီး ဒေါ်လီလီခိုင် မိသားစုတို့က ကျောက်စာရုံဓမ္မာရုံစေတီ တစ်ဆူ တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၂၇၉ သိန်း ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဟင်းသီးဟင်းရွက် သီးနှံမျိုးစေ့များ မျိုးစပ်ခြင်း၊ သုတေသနပြု ထိန်းသိမ်းရန်အတွက် စုဆောင်းခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ အရည်အသွေးထိန်းသိမ်းနိုင်ရန်နှင့် ကြာရှည်သိုလှောင်ထားနိုင်ရန်အတွက် ထုပ်ပိုးခြင်း စီမံကိန်းများ ပြီးမြောက်အောင်မြင်

နေပြည်တော် မတ် ၂၀

**"ဟင်းသီးဟင်းရွက် သီးနှံမျိုးစေ့များအား မျိုးစပ်ခြင်း၊ သုတေသနပြု ထိန်းသိမ်းရန်အတွက် စုဆောင်းခြင်းနှင့် မျိုးစေ့ထုတ်လုပ်ခြင်း စီမံကိန်း" နှင့် "ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ အရည်အသွေး ထိန်းသိမ်းနိုင်ရန်နှင့် ကြာရှည်သိုလှောင်ထားနိုင်ရန်အတွက် ထုပ်ပိုးခြင်းစီမံကိန်း" များ ပြီးမြောက်အောင်မြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)၏ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ မဲခေါင်-လန်ချန်း စီမံကိန်း တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုတ် တောင်သူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေအစီအစဉ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ စီမံကိန်း စုစုပေါင်း ၁၉ ခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့ကျင်းပသော ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲက တာဝန်ယူ ဆောင်ရွက်ခဲ့သည့် စီမံကိန်း နှစ်ခုကို မဲခေါင်-လန်ချန်းစီမံကိန်းများ၏ တတိယအသုတ်အဖြစ် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်အထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပထမစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးရှိ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC)၊ မန္တလေးတိုင်းဒေသကြီး ထုံးဘိုရှိ အထက်မြန်မာပြည် အော်ဂဲနစ် သုတေသနဌာန (VFDC)၊ ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ် ဟဲဟိုးဒေသများတွင် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းစဉ်များအရ ရုံးပတီ၊ ငရုတ်၊ ခရမ်းချဉ်၊ ဖရုံ၊ ကြက်ဟင်းခါး တို့၏ မျိုးဗီဇများအား စုဆောင်းပြီး VFRDC တွင် မှတ်တမ်းတင်ခြင်း၊ မျိုးစေ့ထုတ်ခြင်းနှင့် ကုတ်နံပါတ်များ သတ်မှတ်ခြင်း၊ စုဆောင်းထားသည့် သီးနှံအလိုက် Germplasm မျိုးများကို နှိုင်းယှဉ်လေ့လာခြင်း၊ မျိုးရွေးချယ်ခြင်း၊ ဟင်းသီးဟင်းရွက် မျိုးစေ့ထုတ်လုပ်ခြင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ VFRDC တွင် မျိုးစေ့သိုလှောင်သည့် အအေးခန်း တည်ထောင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒုတိယစီမံကိန်းကို စီမံကိန်းဒေသများတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ အရည်အသွေး ထိန်းသိမ်းနိုင်ရန်နှင့် ကြာရှည်သိုလှောင်ထားနိုင်ရန်အတွက် စာတွေ့လက်တွေ့ သင်တန်းများ ဆောင်ရွက်ပေးခြင်း၊ ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ မဲခေါင်-လန်ချန်း ဒေသအတွင်း သရက်နှင့် ဖရဲကဲ့သို့သော သစ်သီးများ၏ အရည်အသွေးကောင်းများ ထိန်းသိမ်းရန်နှင့် ဘေးကင်းစေရန်အတွက် ထုပ်ပိုးမှုစနစ်များ အဆင့်မြင့်လာစေရန် လက်တွေ့သင်တန်းများ ဆောင်ရွက်ခြင်း၊ စားသုံးသူများထံသို့ ရောက်သည်အထိ သင့်လျော်သော ထုပ်ပိုးမှုများကို အသုံးပြုခြင်းဖြင့် ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ထုပ်ပိုးမှုများအား လစဉ်စစ်ဆေးခြင်း၊ တွေ့ရှိချက်များ ဖြန့်ဝေခြင်း၊ တောင်သူ စိုက်ခင်းများနှင့် ဈေးကွက်များသို့ သွားရောက်၍ အသိပညာပေးခြင်းနှင့် နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ခြင်းကို ကျေးလက်နေ ပြည်သူများက ဒုတိယ ဦးစားပေး သီးနှံအဖြစ် လုပ်ကိုင်လျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် ဟင်းသီးဟင်းရွက် တစ်ဧကအထွက်နှုန်းနှင့် အရည်အသွေး ပိုမိုမြင့်မားလာစေရန် မျိုးကောင်းမျိုးသန့် မျိုးစေ့များ စိုက်ပျိုးရာသီအမီ အလွယ်တကူ သုံးစွဲနိုင်ရေးနှင့် အစားအစာ ဘေးကင်းလုံခြုံရေး၊ သီးနှံလေလွင့်ဆုံးရှုံးမှု လျှော့ချနိုင်ရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာများ ကျယ်ပြန့်ထိရောက်စွာ အသုံးပြုနိုင်ရန် ယခုစီမံကိန်း လုပ်ငန်းများက အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




*စာမျက်နှာ ၁၇ မှ*

## ပြိုင်ပွဲတွင် ဆုတံဆိပ် မျှော်မှန်းထားရှိမှု

မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ၁၉ နည်းမှ ရွှေတံဆိပ် ၁၇ ခု၊ ငွေတံဆိပ် ၂၉ ခု၊ ကြေးတံဆိပ် ၃၆ ခု စုစုပေါင်း ဆုတံဆိပ် ၈၂ ခု မျှော်မှန်းထားရှိကြောင်း သိရသည်။ ရွှေတံဆိပ် မျှော်မှန်းထားရှိသည့် အားကစားနည်းများမှာ ခြင်းလုံး၊ ဘိလိယက်နှင့် စနူကာ၊ ဝူရှူး၊ အားနစ်၊ ပီတန်း၊ ရိုးရာလက်ဝှေ့ (Kun Khmer)၊ ဂျူဒို၊ ဗိုဗီနမ် အားကစားနည်းများဖြစ်ပြီး ကျန်အားကစားနည်းများမှ ငွေနှင့် ကြေးဆုတံဆိပ်များ မျှော်မှန်းထားရှိသည်။ ပြိုင်ပွဲထုံးစံအရ ဆုတံဆိပ်ရရှိမှု အတိုး/အလျော့ရှိနိုင်သော်လည်း ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

## ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အုပ်ချုပ်/နည်းပြ၊ အားကစားသမား အရေအတွက်

လက်ရှိအနေအထားအရ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ၁၉ နည်းအတွက် အုပ်ချုပ်မှုအဖွဲ့၊ အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြနှင့် အားကစားသမား စုစုပေါင်း ၄၆၀ ကျော် သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားရှိပြီး အမှန်တကယ် သွားရောက်ယှဉ်ပြိုင်သည့်အခါ အင်အား အနည်းငယ် အတိုး/အလျော့ ရှိနိုင်သည်။ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သည့်အခါ ဖိတ်ကြားခံပုဂ္ဂိုလ်များ၊ အုပ်ချုပ်မှုအဖွဲ့၊ ဆေးအဖွဲ့၊ မီဒီယာအဖွဲ့များ ပါရှိမည်ဖြစ်သည့်အတွက် ခန့်မှန်းအင်အား ၄၆၀ နှင့် ၄၇၀ ကြား ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

## ဆုတံဆိပ်ရရှိသည့် အားကစားသမားများအား ချီးမြှင့်ထောက်ပံ့မည့်အခြေအနေ

ပြီးခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိခဲ့သည့် အားကစားသမားများအား နိုင်ငံတော်အနေဖြင့် တစ်ဦးချင်းပြိုင်ပွဲများအတွက် ရွှေတံဆိပ် ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ် ကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများအတွက် ရွှေအသင်းလိုက်တစ်ဦးချင်း ကျပ်သိန်း ၁၀၀၊ ငွေအသင်းလိုက် တစ်ဦးချင်း ကျပ်သိန်း ၇၀၊ ကြေးအသင်းလိုက်တစ်ဦးချင်း ၃၅ သိန်း ပေးအပ်ချီးမြှင့်ခဲ့ပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင်လည်း အောင်မြင်မှုရရှိသည့် အားကစားသမားများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ငွေများ ထောက်ပံ့ချီးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းအားပေးကြပါစို့

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတော်က လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများအနေဖြင့်လည်း စခန်းဝင်လေ့ကျင့်နေကြသည့် ကစားသမားများအား မပြတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်မှန်သမျှ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ အားပေးစကားပြောခြင်း၊ ကျန်းမာရေးအထူးဂရုပြုရေးနှင့် အားကစားနည်းအလိုက် အောင်မြင်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ စိတ်ဓာတ်မြှင့်တင် အသိပညာပေးဆွေးနွေးမှုများ မကြာခဏပြုလုပ်လျက်ရှိသည့်အပြင် အားကစားသမားများအနေဖြင့်လည်း စိတ်ဓာတ်ရေးရာအရ၊ လေ့ကျင့်မှုအခြေအနေအရ၊ စည်းကမ်းကောင်းမွန်မှုအခြေအနေအရ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသောကြောင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား စိတ်ဓာတ်မြင့်မားတက်ကြွစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းအားပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၂၀**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁ - ၄ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၁၃) တွင်** အတွေ့အကြုံရှိသူတို့၏ စေတနာဖြင့် အန္တရာယ်မဖြစ်စေရန် သတိပေးစကားပြောသည်ကို မစဉ်းစားမဆင်ခြင်ခဲ့မိရာက အသက်ဘေးနှင့် ရင်ဆိုင်ရလုနီးပါးဖြစ်ခဲ့သော ခါချဉ်လေးအကြောင်း သရုပ်ဖော်ထားသည့် “စွန့်စားချင်တဲ့ခါချဉ်လေး” မျက်နှာဖုံးကာတွန်း၊ မတူညီသော စက်ဘီးဒီဇိုင်းများကို အဆင့်အဆင့် ပိုမိုခေတ်မီကောင်းမွန်အောင် တီထွင်ခဲ့ကြပုံအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “မတူညီတဲ့စက်ဘီးဒီဇိုင်းများ” သုတဆောင်းပါး၊ လျှပ်စစ်အပူလွန်ကဲခြင်းကြောင့် မီးလောင်မှုဖြစ်ပွားရာ ဂျာရစ်နှင့် သူ၏သူငယ်ချင်းတို့၏ ဝိုင်းဝန်းကူညီမှုဖြင့် မီးကို အချိန်မီ ငြိမ်းသတ်နိုင်ခဲ့ပုံအကြောင်း သရုပ်ဖော်ထားသည့် “ဂျာရစ်တို့သင်္ကြန်” နှစ်မျက်နှာကာတွန်း၊ အနာဂတ်၏အညွန့်အဖူးလေးများဖြစ်သည့် သားသား၊ မီးမီးတို့သည် သဘာဝ၏လုပခြင်းအနုပညာကို မြတ်နိုးတန်ဖိုးထားတတ်ပြီး အလှအပကို ဖန်တီးတန်ဆာဆင်မည့်သူများဖြစ်ကြောင်း တင်ဆက်ထားသည့် “လောကကို အလှဆင်ကြသူများ” ဝတ္ထုတိုကဏ္ဍ၊ သားသား၊ မီးမီးတို့အနေဖြင့် အချင်းချင်း သူငယ်ချင်းမိတ်ဆွေဖြစ်ဖို့ရန်အတွက် ခန္ဓာကိုယ်အချိုးအစားနှင့် အရည်အချင်းများ တူနေရန်မလိုအပ်ဘဲ တစ်ယောက်မလုပ်နိုင်သည်ကို တစ်ယောက်က ကူညီပေးရင်း ကိုယ်ကိုယ်တိုင်ကလည်း သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေထိုင်တတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် “ဆင်လေးစိုးစိုးနှင့် သူ၏သူငယ်ချင်းများ” ပုံပြင်ကဏ္ဍ၊ သားသား၊ မီးမီးတို့အနေဖြင့် အသိပညာဗဟုသုတများ တိုးပွားပြီး တွေးခေါ်စွမ်းရည်များ တိုးစေရန် စာပေမျိုးစုံ ဖတ်ကြရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်ထည်ဝါ (ပျော်ဘွယ်)၏ “စာကြည့်တိုက်သို့သွားကြစို့” ကဗျာကဏ္ဍအပါအဝင် ရွှေသွေးတို့လက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ရွှေသွေးအင်္ဂလိပ်သဒ္ဒါကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**






## သင်္ကြန်ယိမ်းအဖွဲ့များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း “ခါသင်္ကြန်အဆိုအက” အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့်ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေး ဆောင်ရွက်လျက်ရှိသည်။




ယနေ့ မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ လာရောက်၍ သင်္ကြန်တေးသီချင်းများဖြစ်သည့် “သင်္ကြန်မိုး၊ ရွှင်လန်းချမ်းမြေ့ပါစေ” တေးသီချင်းများဖြင့် ရိုက်ကူးရေး ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်နှင့် စက်ပစ္စည်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ်ခင်းကျင်းပြသထားမှုများ၊ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တူရိယာများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသပြီး မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းပါးစီမံကိန်းအတွက် သွင်းအားစုထုတ်ပေးခြင်းအခမ်းအနားကျင်းပ

**ပုသိမ်ကြီး မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှမ်းပါးစီမံကိန်းအတွက် ချေးငွေသဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် သွင်းအားစုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်း က ချေးငွေသဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် သွင်းအားစုထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှိုင်မြင့်က မြို့နယ်အတွင်း ယခုနှစ် နှမ်းပါးစိုက်ပျိုးမှုအခြေအနေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းရှင်၊ မျိုးစေ့ထုတ်အစုအဖွဲ့နှင့် သမဝါယမအသင်းများဖြင့် နှမ်းပါးစီမံကိန်း စိုက်ဧက ၃၅၂ ဧကအတွက် တစ်ဧကလျှင် နှစ်သိန်းကျပ်နှုန်းဖြင့် ညီမျှသည့် သွင်းအားစုစိုက်ပျိုးရေးမြေဩဇာများကို ထုတ်ပေးရန် ချေးငွေစာချုပ် ချုပ်ဆိုခဲ့ပြီး တက်ရောက်လာသည့် ဒေသခံတောင်သူများအား စိုက်ပျိုးရေးသွင်းအားစုမြေဩဇာများကို တာဝန်ရှိသူများက ပေးအပ်ရာ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**




မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၃ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၀၉၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၁၆၂၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၆၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၆၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၉၅ ကျပ် | ၂၁၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၇၅ ကျပ် | ၂၂၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၅၀ ကျပ် | ၂၂၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၁ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၀ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၃၃၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၀ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၄ . ၈၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၅၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၂၀၀ | ၁၆၀၀၀၀၀ |
| MTSH | ၃၀၅၀ | ၃၁၀၀ | ၃၁၃ | ၉၆၆၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၁၁၃၁ | ၁၆၄၆၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၈၀၀ | ၂၃ | ၁၁၂၇၀၀ |

ညီညီ - စုစည်းသည်

# ကျောက်ကြီးမြို့နယ်အတွင်း KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်းနင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ တစ်ဦးသေ လေးဦး ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်း- ကျောက်ကြီးသွား ကားလမ်းပေါ်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရာကားမိုင်းကို ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ် တစ်စီး နင်းမိပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ နတ်သံကွင်း ကျေးရွာဘက်မှ ကျောက်ကြီးမြို့ဘက်သို့ အုတ်များ တင်ဆောင်၍ ပဲနွယ်ကုန်းမြို့နေ မောင်စိန်မင်း (ဘ) ဦးလှမြင့် မောင်းနှင်ပြီး အမျိုးသား လေးဦး လိုက်ပါလာသည့် 9N/--- ချင်းလုံဒမ့်ထရပ် အမျိုးအစား မော်တော်ယာဉ်သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် နတ်သံကွင်း- ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ ရန်မျိုး အောင် တံတားအနီးသို့အရောက်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရာကားမိုင်း နင်းမိ ပေါက်ကွဲခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာ သည့် အမျိုးသား တစ်ဦးသေဆုံးပြီး လေးဦး တွင် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ နေရာတစ်ဝိုက်အား လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ကြောင်းနှင့် ဒဏ်ရာရရှိသူများအား ကျောက်ကြီး မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကားမိုင်းပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ။




KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ကျောက်ကြီး- နတ်သံကွင်းသွား ကားလမ်းရှိ ရန်မျိုးအောင်တံတားအနီး မိုင်းထောင် ဖောက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

# တရားမဝင် ကျွန်းသစ်၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် Dressing Table ၁၁၆ စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၂၀၀၀၀) ကိုလည်းကောင်း၊ ကုန်းတွင်းဆိပ်ကမ်း ရွာသာကြီး (Dry Port) ၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသော Compressor Air Filter သုံးခုအပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၅၁၈၂) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၁၅၁၈၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လက်ပံလှ-စဥ့်ကူး ယာယီစစ်ဆေးရေးဂိတ်တွင် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကလေးကျောပိုးအိတ် (ဆိုဒ်မျိုးစုံ) အလုံး ၃၀၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၅၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင် ကုန်စည် တားဆီးထိန်းချုပ်ရေးအဖွဲ့က မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော် (၄) လမ်းအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရပ်တန့်ထားသော မော်တော်ယာဉ် တစ်စီးအား ရှောင်တခင် သွားရောက်စိစစ်၍ မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Trave-lling Suit Case နှစ်လုံး အပါအဝင် ကုန်ပစ္စည်း ၈၅မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၇၁၉၆၀)၊ အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ထောက်ခံချက် မပါရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၃၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dongfeng Truck အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၀၇၉၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရမိရေးအဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် လေးထောင့်ကန် လမ်းဆုံအနီးတွင် လိုင်စင်မဲ့ Toyota Mark II အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) အား ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တောင်ငူခရိုင် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖြူးမြို့နယ် ဖြူးကွန်းကြိုးပြင် ကာကွယ်တောအတွင်း၌ တရားမဝင် ကျွန်းသစ်ခွဲသား (၆ ဒသမ ၃၀၇၀) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၂၆၂၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၉ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၉ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၄၃၅၇၆၂ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ် (၁၀) ရပ်ကွက်နေ နွယ်နွယ်စိုး (ခ) နန်းနွယ်နှင့် နွယ်နွယ်ဦးတို့သည် ၎င်းတို့အသုံးပြုသည့် “Nann Nwe” Facebook အကောင့်၊ “Nwe Nwe Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ် (၅) ရပ်ကွက်နေ ဥက္ကာထွန်းသည် ၎င်းအသုံးပြုသည့် “Oakar Tun” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ် (၃) ရပ်ကွက်နေ ဟန်ထူးအောင် (ခ) ဟိန်းဝင်းကျော်သည် ၎င်းအသုံးပြုသည့် “Hann Htoo Aung(Black) PDF” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၃၀**

ထူးခြားသည့် နေ့အပူချိန်များမှာ ဖားဆောင်းမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ် တို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**


**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၈)၊ ဦးအုန်းလွင်လမ်း၊ မြေကွက်အမှတ်(၉၀) အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးဟံရှိန် (MYGN-010539) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဇော်ထူးအောင် (၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်–၄၃၆၈၈)
Ph, 09421746974




## ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး မတ် ၃၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏သင်ရိုးသစ်အကောင်အထည်ဖော်ရေး အစီအစဉ်အရ ၂၀၂၂ – ၂၀၂၃ ပညာသင်နှစ် အခြေခံ ပညာမူလတန်းအဆင့် ဘာသာရပ် စွမ်းရည်မြှင့် (မြို့နယ်အဆင့်) ဆွေးနွေးပွဲကို မတ် ၂၈ ရက်က ကရင်ပြည်နယ် ကြာအင်း ဆိပ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်အဖွဲ့ ဥက္ကဋ္ဌဦးစိုးသိန်းက တက်ရောက်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို မတ် ၂၈ ရက်မှ ၃၁ ရက်အထိ လေးရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် နည်းပြဆရာ ဆရာမ ၃၈ ဦး၊ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ဆရာ ဆရာမ ၁၁၀၆ ဦး တက်ရောက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းဦး(ပြန်/ဆက်)**


**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/3953 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ(၁၁)လမ်း၊ အမှတ်(၉၀၀) ၂ခန်းတွဲ ၆ထပ်တိုက်၏ ပထမထပ်(၂)လွှာ(တိုက်ကို မျက်နှာမူလျှင် ညာဘက်ရှိ)ရေိယာ(၆၃၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်အိဖြူခိုင်၏ (GP) ရရှိသူ ဦးကျော်ဌွေး (၁၂/မဘန(နိုင်)၀၉၂၉၆၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မေဦးနိုင် (၁၂/ရကန(နိုင်)၀၇၄၆၃၈)က ဝယ်ယူရန် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့အထိ ကန့်ကွက်မည့်သူမည်သူမှ မရှိခဲ့ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မေဦးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခိုင်နန္ဒာ
အထက်တန်းရှေ့နေ(စဉ်–၄၇၆၂၂)
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊
သန်လျင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉–၅၄၁၀၃၅၄


## ရသေ့တောင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် စိုက်ပျိုးရေးမြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ရသေ့တောင် မတ် ၃၀**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ ကျေးလက်နေပြည်သူများ လူမှုစီးပွား ဘဝ တိုးတက် မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် စိုက်ပျိုးရေးကဏ္ဍတွင် လယ်ယာထုတ်ကုန်များ တိုးချဲ့ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးမြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ အရင်းမပျောက် မတည်ရန်ပုံငွေများအား ထုတ်ပေးခြင်းဖြစ်ကြောင်း၊ မတည်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မျိုးစေ့ကောင်းရန်၊ ရေရှိရန်၊ ရေကို ချွေတာရန်၊ ခေတ်မီနည်းပညာများ လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးကဏ္ဍ မြစိမ်းရောင်ကျေးရွာ မြို့နယ်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင် စိုက်ပျိုးရေး မြစိမ်းရောင်ချေးငွေ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် စိုက်ပျိုးရေးကဏ္ဍတွင် ဆောင်ရွက်ကြမည့် မင်းဖူးကျေးရွာနှင့် ခနောင်းကြီးကျေးရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၆၀၀ ကို မြို့နယ်စီမံကိန်းကော်မတီမှ စီမံကိန်းကျေးရွာ ကြီးကြပ်မှုကော်မတီထံသို့ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)**

**ထွန်းလင်းကျော်(ပြန်/ဆက်)**

## ရမ်းဗြဲမြို့၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းဖွင့်ပွဲကျင်းပ

**ရမ်းဗြဲ မတ် ၃၀**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့၌ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကိုင်လျက်ရှိသော ရေလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်လာနိုင်စေရေးနှင့် သား ငါးပုစွန်များကို နိုင်ငံအဆင့်နှင့် နိုင်ငံတကာ အစားအစာများ ဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေဘဲ မွေးမြူ ထုတ်လုပ်တတ်စေရန် ရည်ရွယ်လျက် မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနက ကြီးမှူး၍ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ် (GAqP)သင်တန်း (၁/၂၀၂၃) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ငါး၊ ပုစွန်မွေးမြူ ရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြသော လုပ်ငန်းရှင် သင်တန်းသားများ တက်ရောက်သည်။ ရှေးဦးစွာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အမှာစကားပြောကြားသည်။ ယင်းနောက် သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်ပေးကြသည်။

သင်တန်းကို ကျောက်ဖြူခရိုင် ငါးလုပ်ငန်း ဦးစီးဌာန သားပေါက်စခန်းမှ စခန်းတာဝန်ခံ ဦးရွှေကျော်အောင် ဦးဆောင်၍ သင်တန်းဆရာ လေးဦးက ပို့ချသင်ကြားပြီး သင်တန်းသား ၂၀ တက်ရောက်သည်။

သင်တန်းကာလမှာ မတ် ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ပို့ချသင်ကြားပေးကြောင်း သိရသည်။ **အောင်နိုင် (ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**


**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်လိုကြောင်း ကြော်ငြာအပ်ပါသည်–

| စဉ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | 27.5 kW (Hybrid)Solar System Installation လုပ်ငန်း (2 Sets) (ကံမြင့်–တာ၁၀) | 1 Job |
| (ခ) | 8.25 kW (Off–Grid) Solar System Installation လုပ်ငန်း (3 Sets) (ကံမြင့် စီမံကိန်း) | 1 Job |
| (ဂ) | 120 kW (Hybrid) Solar System Installation လုပ်ငန်း(1 Set)(ဆီမီးခုံ–၃ စီမံကိန်း) | 1 Job |
| (ဃ) | 172 kW (Hybrid) Solar System Installation လုပ်ငန်း (1 Set) (Canal Top)(ဆောက်အင်း စီမံကိန်း) | 1 Job |
| (င) | မြေသယ်ယာဉ်ငှားရမ်းခြင်းလုပ်ငန်း (ကံမြင့်–တာ၁၀ စီမံကိန်း) | 1 Job |
| (စ) | မြောင်းတူးဖော်ခြင်းလုပ်ငန်း(၃)မျိုး (သရက်ချောင်းစီမံကိန်း) | 1 Job |
| (ဆ) | Internet of Things (IOT) System လုပ်ငန်း (ဆီမီးခုံ–၃) | 1 Job |
| (ဇ) | 11/3.3 kV 1 MVA, 11/3.3 kV 1.6 MVA & 11/0.4 kV 200 kVA Transformer & Substation Accessories (3 Sets) (သရက်ချောင်း၊ဆီမီးခုံ–၃) | 1 Lot |
| (ဈ) | 11/0.4 kV 100 kVA Transformer (2 Nos) & 0.4 kV LT Accessories (4 Sets) (ကံမြင့်–တာ၁၀ စီမံကိန်း ၊ ဆီမီးခုံ–၃) | 1 Lot |
| (ည) | 9 Cusec Pump & 18.5 kW (2 Sets) & 2 Cusec Pump & 5.5 kW(3 Sets) Motor & Accessories (ကံမြင့်–တာ၁၀ စီမံကိန်း) | 5 Sets |
| (ဋ) | 9 Cusec & 22 kW Submersible Pump & Motor Accessories (ဆီမီးခုံ–၃) | 4 Sets |
| (ဌ) | DN 600 mm Foldable Flexible Pipe(6m) with 2 Flange (9 Nos) & DN 560 mm Floater(9 Nos) (ဆီမီးခုံ–၃ ၊ ဆောက်အင်း) | 1 Lot |
| (ဍ) | 700 mm Check Valve & 700 mm Butterfly Valve & Accessories(ဆီမီးခုံ–၃) | 1 Lot |
| (ဎ) | Ø 20 " x 16' M.S Pipe (with two flange) (ဆီမီးခုံ–၃) | 30 Nos |
| (ဏ) | Solar PV Module (နေပြည်တော်) | 310 Nos |
| (တ) | Electrical Spare Parts (4 Items) (နေပြည်တော်) | 1 Lot |
| (ထ) | Heavy Machinery Spare Parts (3 Items) (Genuine) (ရွာသာကြီး) | 1 Lot |
| (ဒ) | အုပ်ချုပ်မှု/ပုံမှန်လုပ်ငန်းသုံးဒီဇယ်ဆီ (နေပြည်တော်၊ မန္တလေး၊ရွာသာကြီး) | 50000 Gals |
| (ဓ) | **တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း** (ဘိလပ်မြေ၊ သံချောင်း၊ တောသစ်၊ အုတ်၊ သဲ၊ ခွဲကျောက်၊ ကျောက်ကြီး၊ကျောက်စရစ်၊ဒီဇယ်ဆီ) (ကံမြင့်–တာ၁၀၊ သရက်ချောင်း၊ ဆောက်အင်း ၊ မိတ္ထီလာလွင်ပြင်) | 1 Lot |

**တင်ဒါပုံစံရောင်းချမည့်နေ့ရက်** – ၄–၄–၂၀၂၃ ရက်နေ့မှ ၂၆–၄–၂၀၂၃ ရက်နေ့အထိ

**တင်ဒါပိတ်ရက်နှင့်အချိန်** – ၂၆–၄–၂၀၂၃ နေ့လည် (၁၂:၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ( ရေအရင်းအမြစ်) ၊ ဖြည့်တင်းရေးဌာနခွဲ–၂၊ ရုံးအမှတ် (၅၀)၊ နေပြည်တော်၊ ဖုန်းနံပါတ်–၀၆၇–၃၄၃၁၂၂၇ ၊ ၀၆၇–၃၄၃၁၂၉၅၊ ၀၉–၄၂၆၈၀၃၀၄၃ ၊ ၀၉– ၅၅၀၃၃၈၄ တွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။



**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**တောင်ကြီးမြို့နယ် တရားရုံးတော်၌**
**၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၅**

ဒေါ်ဖြူဖြူမြတ် **တရားလို** နှင့် ဦးသန်းစိုးအေး **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၅)၊ အမှတ်(၁၁၃) နေ တရားပြိုင် ဦးသန်းစိုးအေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖြူဖြူမြတ်က အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ခုနှစ်၊ ဧပြီလ ၁၉ရက် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်၌ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ မတ်လ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး



**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7F/9193, 8F/8455 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၃

ဦးမနားယောဟန် (မြန်မာ့ဓမ္မသိပ္ပံကျောင်း၏တာဝန်ပေး အပ်ခြင်းခံရသူ) နှင့် ၁။ ဦးကျော်သောင်း ၂။ ဒေါ်နှင်းအေးခိုင်

တရားလို — တရားပြိုင်များ

ပြင်ဦးလွင်မြို့၊ တပ်မတော်ဆေးရုံ၊ ခုတင်-၇၀၀၊ ခတ်မှန်ဌာနနေ ဦးကျော်သောင်း(ဘ)ဦးအောင်သာလှ (ယခုနေရပ်လိပ်စာမသိ)သူသိစေရမည်။ သင့်အပေါ်၌ ဦးမနားယောဟန်(မြန်မာ့ဓမ္မသိပ္ပံကျောင်း၏တာဝန်ပေးအပ်ခြင်းခံရသူ)က မြေကွက်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူ တရားပြိုင်များအား နှင်လိုမှုနှင့် ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများအား ဖျက်သိမ်းဖယ်ရှားကာ မြေကွက်အား လက်ရောက်ရလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဧပြီလ ၂၀ရက် (၁၃၈၅ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ မတ်လ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ ရာမည(၃)လမ်း၊ မြေကွက်အမှတ်(၁၂၇/ခ)ဟုခေါ်တွင်သော မြေချပါမစ်တွင် ဦးမျိုးလွင်(၁၂/မရက(နိုင်)၀၉၄၃၆၀)အမည်ပေါက်ပိုင်မြေ အလျား (၂၀)ပေ x အနံ (၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်း မရှိသေးသော မြေကွက်၏(ခေါင်းရင်းခြမ်း) အလျား (၁၀)ပေ x အနံ (၆၀)ပေရှိအိမ်နှင့် မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အရပ် စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်ကြည်ကြည်ဆွေ (၁၀/မလမ(နိုင်)၀၁၉၂၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးဝေလင်းအောင်(၁၂/ဥကတ(နိုင်)၁၄၉၀၄၁)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေလင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဥမ္မာမြင့်(LL.B,D.B.L) | ဒေါ်မြတ်နိုးခင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၈၃၅၁)(၁၃-၉-၂၀၁၂) | (စဉ်-၅၃၁၅၀)(၃၀-၆-၂၀၂၀) |

အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/8059, Toyota Mark II JZX 110 Saloon ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လေးမို့ ၇/တငန(နိုင်)၁၃၅၆၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/43758 ယာဉ်လက်ဝယ်ရှိသူ ဦးခွန်စိုးနောင်နောင် ၇/ထတပ(နိုင်)၁၃၉၆၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၃-၂၀၂၃ရက်ထုတ် ဤသတင်းစာ ၏ စာမျက်နှာ(၂၈) ငြင်းချက်ထုတ်ရန်သမ္မန်စာ(တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀) သဃ်န်းကျွန်းခရိုင်တရားရုံးကြော်ငြာတွင် သဃ်န်းကျွန်းမြို့နယ်တရားရုံးအစား

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**သဃ်န်းကျွန်းခရိုင်တရာရုံး**

ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/7447 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကွင်း/အကွက်အမှတ်နှင့်အမည်-မြေတိုင်းရပ်ကွက်အမှတ် (၄)၊ ဦးပိုင်အမှတ် (၁၂၇)၊ မြေကွက်တည်နေရာအမှတ် (၁၂၇)၊ တပင်ရွှေထီးလမ်း၊ ဥဿာမြို့သစ်(၂)ရပ်ကွက်၊ ပဲခူးမြို့နယ်၊ ဧရိယာ ၀.၁၂၀ဧကေ၊ ဂရန်သက်တမ်း(၂၁-၁၂-၂၀၂၂ရက်မှ ၈-၃-၂၀၅၂)အထိ မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပဲခူးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူဖြစ်သော ဒေါ်မြင့်မြင့်သိန်း (၇/ပခန(နိုင်)၁၇၉၃၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဟိန်းလတ် (၇/ပခန(နိုင်)၂၇၀၁၀၆၂)၊ ဦးအောင်နိုင်ဝင်း (၇/ပခန(နိုင်)၁၇၃၁၁၅)တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အားကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဟိန်းလတ်၊ ဦးအောင်နိုင်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၄/၆)၊ မြေကွက်အမှတ် ၃၂(ခ)၊ မြေကွက်တည်နေရာအမှတ်(၃၂/ခ)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၅/၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဧရိယာ (၀ဒသမ၀၂၇)ဧက၊ နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင်အမည်ပေါက်သူ ဒေါ်ခင်သိန်း (NBN-၀၀၄၁၄၅) (၁၂/ရပသ(နိုင်) ၀၁၈၅၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသူရကျော်စွာ (၁၂/အစန(နိုင်)၂၂၆၉၅၃)က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသူရကျော်စွာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/က၊ မြေကွက်အမှတ် ၄၂၈/က၊ (အလျား ၂၀ ပေ X အနံ ၆၀ ပေ)၊ (၂၄၀၀) စတုရန်းပေအကျယ်ရှိ ဦးညွန့်ထွေး အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ် ၄၂၈/က လေှာ်ကားလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့မှာ မိခင် ဒေါ်တင်လှိုင် အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်ပြီး ဖခင် ဦးကျင်မောင်နှင့် မိခင် ဒေါ်တင်လှိုင်တို့ အသီးသီးကွယ်လွန်သွားပြီးနောက် မိခင်အမည်ဖြင့်ဝယ်ယူထားသော ပစ္စည်းအား တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်မြင့်မြင့်ဝေ ၁၂/ဒဂတ(နိုင်)၀၁၄၉၂၇ က တရားဝင်အမွေဆက်ခံလက်ရှိထားနေထိုင် ပိုင်ဆိုင်လျက်ရှိသူဖြစ်ပြီး မြေနှင့်အိမ်အား ရောင်းချမည်ဖြစ်သဖြင့် အဆိုပါ အိမ်မြေပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်နှင့်မြေ အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်မြတ်သီတာအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၅၁)**
**အမှတ် (၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၀၂၁၇၇၂ ၊ ၀၉-၇၉၉၂၅၈၂၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ် (၂၅၉/ခ)၊ မြေကွက်တည်နေရာအမှတ် (၂၅၉/ခ)၊ (၆)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ဝေဘူ) (AH-071117) နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ဝေဘူ (အမ/အပျိုကြီးဘဝဖြင့်) ကွယ်လွန်၍ ဦးအောင်ကျော်သာ (၁၂/ဥကတ(နိုင်) ၀၇၆၈၄၀)မှ တစ်ဦးတည်းသောမောင် တော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၀၅၃/၂၀၂၃) (၂၃-၁-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်ကတ်များ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့၊ အထက (၂)၊ Grade-11 တွင် ပညာသင်ကြားခဲ့သော မောင်ကျော်လင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းဇော် ၁၄/မမက(နိုင်)၁၄၄၈၁၃ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၃-၂၀၂၃ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၇) ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး အမှတ် (၄၂၀/က)၊ အောင်စေတနာလမ်းသွယ် (၂)လမ်းအစား စေတနာလမ်းသွယ် (၂)လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ ချည်ထုတ်လုပ်သည့် အောက်ဖော်ပြပါ စက်ရုံများမှ ၁/၄၀ စီချည်(အခင်)(ကုံး) စုစုပေါင်းအရေအတွက် (၉၀၅၉၂၈)ပေါင်အား တင်ဒါစနစ်ဖြင့် ရောင်းချလိုပါ၍ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံအမည် | ရေတွက်ပုံ | ၁/၄၀ စီချည်(အခင်) အရေအတွက် | ၁/၄၀ စီချည်(ကုံး) အရေအတွက် |
|---|---|---|---|---|
| (က) | စစ်ကိုင်းချည် | ပေါင် | ၁၅၀၀၀ | - |
| (ခ) | ပွင့်ဖြူ | ။ | ၁၈၀၁၂၃ | ၅၀၀၀ |
| (ဂ) | ပခုက္ကူ | ။ | ၃၅၀၀၀ | ၈၆၀၄၀ |
| (ဃ) | မြစ်သား | ။ | ၂၀၄၇၆၅ | ၅၀၀၀၀ |
| (င) | ပျော်ဘွယ် | ။ | ၂၈၀၀၀၀ | ၅၀၀၀၀ |
| | စုစုပေါင်း | | ၇၁၄၈၈၈ | ၁၉၁၀၄၀ |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၄-၂၀၂၃ရက် (တနင်္လာနေ့)
**တင်ဒါပိတ်ရက်** - ၂၁-၄-၂၀၂၃ရက် (သောကြာနေ့)

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၀၃၊ ၀၆၇-၄၀၈၃၆၂

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ်-၁၆/ခ၂-အေ၊ မြေကွက်လိပ်စာအမှတ်-င/၂၂၄/၂၂၅၊ ရွာလယ်လမ်း၊ ဈ/မြောက်ရပ်ကွက်၊ အကျယ်အဝန်း ၈၉'.၆"/၅၃' ၊ ၁၂၄'/(၉၂'+၂၇'.၆") ရှိ ဦးမောင်မောင် ၁၂/သဃက(နိုင်)၀၄၅၆၇၆၊ ဦးကေကေ ၁၂/သဃက(နိုင်)၀၄၆၁၈၄ အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဈ/မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ် (င/၂၂၄/၂၂၅)နေ ဦးမောင်မောင်၏ သား/သမီးများဖြစ်ကြသော ဦးသန်းထက်ဦး (၁၂/သဃက(နိုင်)၀၄၇၁၉၆)၊ ဦးမောင်မောင်အေး (၁၂/သဃက(နိုင်)၁၃၃၆၂၉)၊ ဦးမိုးကျော်သူ ၁၂/သဃက(နိုင်)၀၀၁၀၆၀၊ ဒေါ်စန္ဒာမောင် ၁၂/သဃက(နိုင်)၀၀၂၂၉၅၊ ဦးသန်းထိုက်ထွေး (၁၂/သဃက(နိုင်)၀၀၅၃၁၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ဦးမောင်မောင်၊ ဦးကေကေ အမည်ပေါက်မြေကွက်မှ ဦးမောင်မောင်(ကွယ်လွန်)ပိုင်ဆိုင်သည့် အစုနှင့်ပတ်သက်၍ ဦးမောင်မောင်၏ သားသမီးများဖြစ်ကြသော ဦးသန်းထက်ဦး၊ ဦးမောင်မောင်အေး၊ ဦးမိုးကျော်သူ၊ ဒေါ်စန္ဒာမောင်၊ ဦးသန်းထိုက်ထွေးတို့၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာရယူခြင်းမရှိဘဲ အိမ်၊ မြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတစ်စုံတစ်ရာပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)**
**အမှတ် (၂၃၈)၊ မာန်ပြေ (၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၅၉၃၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ ရွှေပြည်စိုး အိမ်ရာ၊ ရွှေဥဩလမ်း၊ မြေကွက်အမှတ် (၂၅၂/၁၂)၊ အကျယ်အဝန်း (အလျား ၆၀ ပေ x အနံ ၅၅ပေ / ၅၅ ပေ ၆လက်မ) (၃၃၁၅) စတုရန်းပေ၊ (၀.၀၇၆) ဧကရှိ ဒေါ်တင်တင်ကျော် (၁၄/ဝခမ(နိုင်)၁၇၂၂၁၀) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ဒေါ်ခင်လှတင့် (ခ)ဘေဘီချောင်း(ခ)မော်လီချောင်း(ဘ)ဦးအေးထွန်း (၁၂/ဗတထ(နိုင်)၀၂၃၆၇၆) သည် အမည်ပေါက် ဖြစ်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးယနေ့အချိန်ထိမိမိမှသာလက်ဝယ်လက်ရှိပိုင်ဆိုင်၍အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၇၈၃၅၃၅၀၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက်အမှတ်(၈၉၀)၊ အကျယ်အဝန်း(၄၁ပေ× ၆၀ပေ)ရှိ ဦးတင်ဝင်း (BT-၀၁၇၆၉၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက် အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက် (၃၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဌေးဌေးရီ (၁၀/မလမ (နိုင်) ၀၃၇၅၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၆-၄-၂၀၂၃)ရက်နေ့မတိုင်မီ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၁၂၄၅)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ဝေနီလတ် (၁၃/တကန (နိုင်) ၀၀၃၇၉၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ဝေနီလတ် (၁၃/တကန (နိုင်) ၀၀၃၇၉၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃ |

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
### (ရက် စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ် လ ၃၁ ရက်)

၁။ ၂၀၂၃ခုနှစ်၊ ဧပြီ လ(၁)ရက်နေ့တွင် ကျင်းပမည့် (၄၉)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ဆ"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၇) လုံးတွင် ထီစာအုပ် (၅၂၁၄၃၀) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၅၂၁၄.၃၀၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၃၆၅၀.၀၁၀) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၁၃၈.၁၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၃) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၇) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၈) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၄) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၃) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၆၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၃၈.၁၅၀)မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၃) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၅၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၁၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသော ဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန် ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသော ဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေ စုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၄၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၄-၂၀၂၃) ရက်နေ့(စနေနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

---


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ တိုက်အမှတ် (C-2)၊ ကားပါကင်ပါသော (၂၄)ခန်းတွဲ RC (၁၄)ထပ် (Lift ပါ) တိုက်၏ အခန်းအမှတ် (A-103)၊ (ပထမထပ်)၊ Time Square အိမ်ရာ၊ ဧရိယာ စတုရန်းပေ ၆၅၀ရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအေးလှထွန်း(ခ)ဦးAလှထွန်း (၁၂/သဃက(နိုင်)၀၉၆၁၅၈)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးအောင်စိုးထွန်း (၅/ထခန(နိုင်)၀၄၆၈၈၈)၊ ဒေါ်နှင်းယုလွင် (၁၂/သကတ(နိုင်)၁၃၇၄၄၉)တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်စိုးထွန်း၊ ဒေါ်နှင်းယုလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သုဇာတာလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ အမှတ် (၃၃)၊ အခန်း (၁၀)၊ တိုက်ကိုမျက်နှာမူလျှင် (ယာ)၊ RC (၃)ခန်းတွဲ ၇ ထပ်အဆောက်အအုံ၏ စတုတ္ထထပ် (၅)လွှာ၊ ဧရိယာ ၁၄၇၄ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးကိုကိုမောင် (၈/မကန(နိုင်)၁၀၄၆၀၉) ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ထက်ထက်ဝင်း (၈/ပခက(နိုင်)၂၃၄၉၀၈)က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၅၂/က)၊ ချယ်ရီ(၃)လမ်း၊ အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးကျော်ရင် (S/OKA-၁၀၇၅၂၅) (၁၂/ဒဂတ(နိုင်)၀၁၂၅၇၁)အမည်ပေါက် တည်ရှိပြီး ၎င်းထံမှ ဦးအောင်သန်းမှ (၁၈-၆-၁၉၉၇)ခုနှစ်တွင် အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဦးအောင်သန်းမှာ ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ မိဘ(၂)ပါးလုံး ကွယ်လွန်ပြီး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီးများ၏ ကိုယ်စား ဦးအောင်ဘို (၁၂/သကတ(နိုင်)၀၇၃၄၇၄)မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို )ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**
**ဒေါ်စန္ဒာဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဆလိုင်းနေထက်အောင် ၈/အလန(နိုင်) ၁၉၂၁၂၂၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၆၁၀၉၀၀၂

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၃-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆)ငြင်းချက်ထုတ်ရန် သမ္မန်စာ(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၌ ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ်(၁၀) ကြော်ငြာတွင် (၈) ရပ်ကွက်အစား (၈) ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

